# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> ### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ
>
> ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။
>
> ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၅

၁၉၉၅ ခုနှစ်၊ မတ် ၂၇ ရက်၊ နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှု

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လိုအပ်ချက်တစ်ရပ်မှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ နိုင်ငံ့စီးပွားရေးတွင် အဓိကမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲနှင့် ဒေသအသီးသီးမှ လုပ်ငန်းရှင်များ တွေ့ဆုံကြရာတွင် တူညီသော တောင်းဆိုမှုတစ်ခုမှာ လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိရေးဖြစ်သည်ကို သတိပြုမိသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် “မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြစ်ကြောင်း၊ ယခင်အစိုးရ အဆက်ဆက်ကတည်းက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချို့စီမံကိန်းများ ရပ်တန့်ခဲ့ရပြီး အချို့စီမံကိန်းများ ဖျက်သိမ်းခံခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း” ထည့်သွင်းပြောကြားခဲ့ရာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရန် နိုင်ငံတော်က စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးခြင်းပင်ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့်မူ အကြမ်းဖက်အဖျက်အုပ်စုတို့က နိုင်ငံ၏ အခြေခံအဆောက်အအုံ လမ်းတံတား၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်လိုအပ်နေသည့် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အကြိမ်ကြိမ်တိုက်ခိုက်ဖျက်ဆီးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖောက်ခွဲဖျက်ဆီးမှုပေါင်း ၂၂၉ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် ဧပြီ ၄ ရက်နေ့က ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ သာယာကုန်းကျေးရွာရှိ သာယာကုန်းပင်မဓာတ်အားခွဲရုံကို ဒရုန်းဖြင့် ဗုံးများပစ်ချတိုက်ခိုက်ခဲ့ရာ ဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ရသည်။ ဓာတ်အားခွဲရုံမှ ထရန်စဖော်မာများနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများလည်း ထိခိုက်ပျက်စီးခဲ့ရသည်။ မင်းသားမလုပ်ရ၍ ပတ်မကြီးထိုးဖောက်သကဲ့သို့ပင် မဆီမဆိုင် အကြမ်းဖက်သတ်ဖြတ်ဖျက်ဆီးမှုများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေပြီး ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများကိုလည်း ထိခိုက်ဆုံးရှုံးစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ထုတ်လုပ်နိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်ရာတွင် ၂၀၂၁ ခုနှစ်အတွင်းမှာပင် မကွေးတိုင်းဒေသကြီး၊ ကျောမြို့နယ်၊ ပုထိုးလုံးဒေသ၌ ၁၄ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံတို့ အသစ်တည်ဆောက်တပ်ဆင်နိုင်ခဲ့ပြီး ယင်းစက်ရုံများမှ ဓာတ်အား ၄၄ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပို့လွှတ်နိုင်ခဲ့သည်။ ဆက်လက်၍လည်း နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအင်အရင်းအမြစ်များမှနေ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အနှောင့်အယှက်အဖျက်အဆီးတို့ ကင်းရှင်းသည်နှင့်အမျှ နိုင်ငံတစ်ဝန်းရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်းချက် အချိန်နှင့်တစ်ပြေးညီ အောင်မြင်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံအတွက် ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်နိုင်သမျှနှင့် ဖြည့်ဆည်းပေးနေရခြင်းဖြစ်ရာ ပြည်သူလူထုအတွင်း ဖြန့်ဝေရာတွင်လည်း ခွဲတမ်းချ၍ မျှတဖြန့်ဖြူးနေခြင်းဖြစ်သည်ကို နားလည်သမှုပြုကြရေး၊ ရလာသမျှသော လျှပ်စစ်ဓာတ်အားကိုလည်း အလဟဿမပြုန်းတီးစေရေး၊ မိမိတို့ပေးဆောင်ကြရမည့် လျှပ်စစ်ဓာတ်အားခများကိုလည်း တာဝန်ကျေပွန်စွာ ပေးဆောင်ကြခြင်းဖြင့် နိုင်ငံသားကောင်း ပီသကြစေရေးအတွက် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။



# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၅

**ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၁) သင်တန်းဆင်းပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအနေဖြင့် ပင်ကိုအရည်အသွေး၊ ကြိုးစားသင်ယူမှု၊ လေ့လာလိုက်စားမှု အပတ်တကုတ်အားထုတ်မှုစသည့် ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်စေရုံသာမက တစ်ဦးချင်းအနေဖြင့်လည်း ဂုဏ်တက်စေကြောင်း၊ ထူးချွန်ဆုရရှိသူများကို ကျန်တရားရေးအရာရှိများက စံနမူနာယူပြီး တရားစီရင်ရေးလုပ်ငန်းတွင် ပိုမိုကျွမ်းကျင်အောင် ကြိုးစားအားထုတ်ဆောင်ရွက်ခြင်းဖြင့် အရည်အချင်းပြည့်ဝထူးချွန်ထက်မြက်သည့် တရားသူကြီးကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသအသီးသီးသို့ သွားရောက်၍ လက်တွေ့နယ်ပယ်၌ တာဝန်ထမ်းဆောင်ရာတွင်လည်း စာတွေ့၊ လက်တွေ့ အတွေ့အကြုံပေါင်းစပ်ပြီး ကျေပွန်အောင်ထမ်းဆောင်ရန်နှင့် ဆက်လက်လေ့လာဆည်းပူးကြရန်ဖြစ်ကြောင်း၊ အမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ အကြောင်းခြင်းရာပြဿနာနှင့် ဥပဒေပြဿနာများကို ဥပဒေ၊ နည်းဥပဒေ၊ ယခင်သာဓကပြုထားသည့် စီရင်ထုံးလမ်းညွှန်ချက်များနှင့်အညီ မိမိ၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်စွမ်းကို အခြေပြု၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မိမိထက် အတွေ့အကြုံရင့်ကျက်သူများ၏ တွေးခေါ်ပုံ၊ ချဉ်းကပ်ဖြေရှင်းပုံများကိုလည်း လေ့လာသင်ယူရန် တိုက်တွန်းလိုကြောင်း၊ မိမိချမှတ်သည့် စီရင်ချက်များကို ကောင်းမွန်ပြည့်စုံစေရန် အမြဲကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း။

သက်သေခံပစ္စည်း စီမံခန့်ခွဲမှုအပါအဝင် အမှု၏အဆင့်တိုင်းကို အလေးအနက်ထား ဆောင်ရွက်သည့် အလေ့အထကောင်းကိုလည်း မွေးမြူရန်လိုကြောင်း၊ စီရင်ဆုံးဖြတ်ရာတွင် အရေးကြီးသည့်အချက်ဖြစ်သော အဂတိတရား (၄)ပါး ကင်းရှင်းပြီး တံစိုး(၃)ပါးကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ တရားသူကြီးများသည် အကျင့်၊ သီလ၊ သမာဓိ၊ ပညာဆိုသည့် သိက္ခာသုံးရပ်နှင့် ပြည့်စုံနေမှသာ ပြည်သူများက ယုံကြည်ကိုးစားအလေးထားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်သည့် မူဝါဒ၊ ရည်မှန်းချက်များကို သိရှိနားလည်သဘောပေါက်ပြီး ဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များကို မျက်ချည်မပြတ် လေ့လာကာ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တရားရုံးနည်းပညာ အသုံးပြုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် အိုင်တီနည်းပညာနှင့် အင်္ဂလိပ်စာကိုလည်း လေ့လာဆည်းပူးရမည်ဖြစ်ကြောင်း၊ တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို ဂုဏ်ပြုဆုချီးမြှင့်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်တရားရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်စေရန် လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၁)မှ ဒုတိယမြို့နယ် တရားသူကြီးများကို တာဝန်ပေးအပ်လွှာများ အပ်နှင်းသည်။

ဆက်လက်၍ တာဝန်စတင်ထမ်းဆောင်မည့် သင်တန်းသား/သင်တန်းသူ တရားရေးအရာရှိများက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းတာဝန်ခံအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ကြသည်။

သတင်းစဉ်




# “ပိတောက်နဲ့အတူ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဧပြီ ၅**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြို **“ပိတောက်နဲ့အတူ”** တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၇ ရက် **(သောကြာ)** နေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ နေအောင်၊ သန်းမြတ်စိုး၊ ရသ၊ ရဲထိုက်၊ စိုးရန်အောင်၊ ကောင်းမိုးယံ၊ ကောင်းဆက်၊ နန်းစန္ဒီ၊ အိအိလှိုင်၊ ထွန်းပပအောင်နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို ဧပြီ ၉ ရက် **(တနင်္ဂနွေ)**နေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများက "အားလုံးအတွက် မြဝတီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

- ❑ **ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူများ၏အသံကို ပီပြင်အောင် ပြုလုပ်နိုင်သည့်အရာသည် မီဒီယာဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိလာအောင် ဆောင်ရွက်ရာတွင်လည်း မီဒီယာသည် အဓိကပင်ဖြစ်**
- ❑ **တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရှိစေပြီး စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် ၁၉၄၇ ခုနှစ်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကို "ပညာရေးဌာနစု"အဖြစ် စတင်ဖွဲ့စည်းခဲ့**

❖ *ရွှေ့ဖုံးမှ*

**လှိုက်လှဲနွေးထွေးစွာ ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများက **"အားလုံးအတွက် မြဝတီ"** တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများဖြစ်ပေါ်လာမှု သမိုင်းကြောင်း နောက်ခံ၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် Documentary ဗီဒီယိုကို ပြသသည်။

အဆိုပါ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ လူ့ပတ်ဝန်းကျင်အသိုင်းအဝန်းအတွင်း သတင်းအချက်အလက်များ သိရှိအောင် ပြုလုပ်ပေးနိုင်ခြင်းသည် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် အများပြည်သူနှင့်ဆက်ဆံရေး၊ မိမိပတ်ဝန်းကျင်အသိုက်အဝန်းနှင့် ဆက်ဆံရေး အစရှိသည့် ဆက်ဆံရေးအမျိုးမျိုး ပါဝင်ကြပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌လည်း ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနယ်ပယ်များအနက် မီဒီယာဆက်ဆံရေးကို တွင်ကျယ်စွာ အသုံးချဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး ၃ ခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီးပါကြောင်း၊ မီဒီယာသည် မဏ္ဍိုင်ကြီး ၃ ခုကို မယိမ်းမယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင် ဖြစ်ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူများ၏အသံကို ပီပြင်အောင် ပြုလုပ်နိုင်သည့်အရာသည် မီဒီယာဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိလာအောင် ဆောင်ရွက်ရာတွင်လည်း မီဒီယာသည် အဓိကပင်ဖြစ်ပါကြောင်း၊ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရှိစေပြီး စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် ၁၉၄၇ ခုနှစ်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကို "ပညာရေးဌာနစု"အဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် အမည်အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ထိုမှတစ်ဆင့် "ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး" အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြဝတီရုပ်မြင်သံကြားမှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်း မိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး စိုးမိုးကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၂)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်ရေးအတွက် "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်"ဟူသည့် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရေး တပ်မတော်မီဒီယာတစ်ခုဖြစ်သည့် မြဝတီရုပ်မြင်သံကြားကို နှစ်(၅၀)ပြည့် ရွှေရတု တပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ဆိုပါက ငွေရတုကာလလွန်မြောက်ပြီး (၂၈) နှစ်တာခရီးသို့ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြဝတီရုပ်မြင်သံကြားသည် ပြည်သူများကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်ရစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် အမျိုးသားရေးအမြင်ဖြင့် အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိပါကြောင်း၊ တပ်မတော်၏ ပဓာနကျသည့်၊ သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ်လည်း ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေနှင့် ပြန်ကြားပေးရန် တာဝန်ကို ထမ်းဆောင်ရာတွင် စတင်ထုတ်လွှင့်ခဲ့ချိန်မှ ယနေ့ကာလအထိ တပ်မတော်သားမိသားစုဝင်များကိုသာမက ပြည်သူလူထုအတွက် သိသင့်သိထိုက်သည့်၊ လူအများသိရှိရန်လိုအပ်သည့် မူဝါဒ၊ သတင်းအချက်အလက် စသည်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ပညာပေးရေးတာဝန်အနေဖြင့် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် တာဝန်ဖြစ်ပြီး အသိပညာပေးရေး တာဝန်၊ ဉာဏ်ပညာဗဟုသုတပေးရေးတာဝန် စသည်များကို တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ ဖျော်ဖြေရေးတာဝန် ထမ်းဆောင်ပေးမှုအနေဖြင့် ပြည်သူများအပန်းပြေစေရန် အနုပညာအရပ်ရပ်၊ တေးဂီတအဖုံဖုံ၊ အကအခုန် အဆိုအတီး ကဏ္ဍအစုံအလင်ဖြင့် ဖျော်ဖြေမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စည်းရုံးရန်ဆိုရာတွင် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအပေါ်၌ ယုံကြည်ချက်၊ ခံယူချက်ခိုင်မာပြီး စည်းလုံးညီညွတ်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းရုံးရေး၏သဘောဆိုသည်မှာ မိမိ၏ပြောစကားကို တစ်ဖက်လူကငင်း၏ဆန္ဒအလျောက် လိုက်ပါလုပ်ဆောင်နိုင်အောင် ပြောဆိုခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(နေပြည်တော်)ကို ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် မိမိကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် စတင်

> ❍ **မြဝတီရုပ်မြင်သံကြားသည် ပြည်သူများကို မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်ရစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် အမျိုးသားရေးအမြင်ဖြင့် အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိ၊ တပ်မတော်၏ ပဓာနကျသည့်၊ သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ်လည်း ရောက်ရှိနေပြီဖြစ်**
>
> ❖ **တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်မပါရှိဘဲ သမိုင်းစဉ်ဆက် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုသာ မျှော်ရည်မှန်းပြီး ဆောင်ရွက်ခဲ့၊ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြဝတီ ရုပ်မြင်သံကြားသည်လည်း ပေးအပ်လာသည့် လုပ်ငန်းတာဝန်ဝတ္တရားတို့အပေါ် ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရပြီးဖြစ်**

ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တပ်မတော်နှင့် ပြည်သူကို အကောင်းဆုံး ပေါင်းကူးပေးနိုင်ခဲ့ကြောင်း။

မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်ချိန်တွင် Analog စနစ်နှင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး Analog စနစ်မှသည် Digital စနစ်၊ Standard Definition(SD) စနစ် ကူးပြောင်းခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတု တပ်မတော်နေ့မှ စတင်ကာ High Definition(HD) စနစ်သို့ ပြောင်းလဲထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုလုပ်ငန်းတိုင်းတွင် အခြားသော မီဒီယာလုပ်ငန်းများထက်ပိုပြီး အသေးစိတ် ဆောင်ရွက်ရသည်များရှိပါကြောင်း၊ အစီအစဉ်တစ်ခုဖြစ်လာရေး တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်၍မရဘဲ လူသားအရင်းအမြစ် စွမ်းအား၊ အနုပညာနှင့် အတတ်ပညာကို အံဝင်ခွင်ကျ ပေါင်းစပ်လုပ်ကိုင်ရသည့် သဘောရှိသောကြောင့် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ကြမှသာ ပြည်သူလူထု နှစ်သက်သဘောကျသည့် ရုပ်မြင်သံကြားအစီအစဉ်ကောင်းတစ်ခု ဖြစ်လာမည်ပင် ဖြစ်ပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် တစ်ခေတ်ပြီး တစ်ခေတ် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုစွမ်းရည်ပြည့်ဝသည့် မီဒီယာကြီးတစ်ခုဖြစ်လာခဲ့ခြင်းသည် ဝန်ထမ်းအားလုံးနှင့် တာဝန်ရှိသူအဆင့်ဆင့်၏ စုပေါင်းကြိုးစားမှုများကြောင့်သာဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ် သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်းဖြစ်ပြီး ကြည့်ရှုသူပရိသတ်များ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကိုအဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပိုမို၍ ဂရုစိုက်ကြရန်လိုပါကြောင်း၊ အသံအနေအထား၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ရုပ်သွင်ပြင်လက္ခဏာကအစ အသေးစိတ်ဂရုပြု၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူများ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း၊ တက်ကြွလာအောင် Motivation လုပ်နိုင်စွမ်းသည်လည်း မြင့်မားကြောင်း၊ ပြည်သူအပေါ် အသိပညာ ဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ ပညာတတ်သားကောင်းရတနာများ ဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှ စဉ်ဆက်မပြတ် အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများနှင့် ထုတ်လွှင့်ရမည်ဖြစ်သကဲ့သို့ လူမှုရေးဦးတည်ချက် ၄ ရပ်ထဲတွင်ပါသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် အချက်နှင့်အညီ ထုတ်လွှင့်ပြသကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်က မိမိတို့နိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲများအပြင် ယနေ့အချိန်၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းဆိုင်ရာ အခမ်းအနား ကျင်းပပုံများကိုပါ ရိုက်ကူးထုတ်လွှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းဝင်ဆောင်ရွက်ချက်များပင် ဖြစ်ကြောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားမှ ပြည်သူလူထုအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာဖွယ်ရာများကို တင်ဆက်ပေးနိုင်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် ယနေ့ဆိုပါက နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၃၅ မြို့၌ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ပေါင်း ၁၄၅ မြို့၌ မြဝတီရုပ်မြင်သံကြား ဒစ်ဂျစ်တယ်လိုင်းများကို ကောင်းမွန်စွာကြည့်ရှုနိုင်စေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူထားရသည့်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ကျင့်ဝတ်မဲ့မီဒီယာမျိုးစုံက နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေသည်ကို အားလုံးတွေ့ရှိကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ချိန်မှ ယနေ့ထိတိုင် အမျိုးသားအကျိုးစီးပွားကိုရှေးရှုသည့် ဆောင်ရွက်ချက်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် မြဝတီရုပ်မြင်သံကြားအပြင် နိုင်ငံတော်ပိုင်သတင်းဌာနကြီးများကပါ ဖော်ပြပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ စစ်မှန်သည့် အမျိုးသားရေးစိတ်ဓာတ်အပြည့်နှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးမှုများ၊ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းချက်များကို မြဝတီ Media Group ဖြစ်သည့် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုအသံလွှင့်ဌာနအသီးသီးကို ကြည့်ရှုသူတိုင်း တွေ့မြင်ကြားသိကြမည်ဖြစ်ကြောင်း။

ယနေ့ ၂၁ ရာစုတွင် သတင်းစီးဆင်းမှုနှုန်းသည် မြန်ဆန်သောကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုနောက်ကို မီဒီယာအားကောင်းကောင်းနှင့် လိုက်ပါနိုင်စွမ်းရှိရန်လိုအပ်ကြောင်း၊ အချို့သတင်းမီဒီယာများသည် တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှု စသည့် မီဒီယာကျင့်ဝတ်များကို လိုက်နာမှုမရှိ၊ ကျင့်ဝတ်နှင့်မညီညွတ်စွာ သတင်းများ ဖော်ပြနေသည်ကို တွေ့ရပါကြောင်း၊ တပ်မတော်၏ပုံရိပ်နှင့် ပြည်သူ့ဆက်ဆံရေးကို ထိခိုက်ကျဆင်းအောင် ပုံဖော်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများအပေါ် နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော်မီဒီယာများက သတင်းမှန်များနှင့် တုံ့ပြန်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သမာသမတ်ကျသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ၏ "အား" ကိုလည်း ရယူနိုင်ရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်မပါရှိဘဲ သမိုင်းစဉ်ဆက် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုသာ မျှော်ရည်မှန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြဝတီရုပ်မြင်သံကြားသည်လည်း ပေးအပ်လာသည့် လုပ်ငန်းတာဝန်ဝတ္တရားတို့အပေါ် ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့်အစဉ်အလာနှင့် သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

မိမိတို့တပ်မတော်၏ မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့သည် တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန်လိုသကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများဖြစ်စေရေး ဆောင်ရွက်သွားကြမည်၊ ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆဖန်တီးနိုင်သူများ ဖြစ်စေရေးအတွက်လည်း ကြိုးစားသွားကြရမည်၊ မြဝတီရုပ်မြင်သံကြား၏ "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန် " ဟူသည့် ရည်မှန်းချက်များနှင့်အညီ တပ်မတော်နှင့်ပြည်သူကို ဆက်လက်ပေါင်းကူးပေးပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ကအားထားရပြီး ပြည်သူက အားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရမည်၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နောင်နှစ်ကာလပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကို ယခုထက်တာဝန်ကျေပွန်စွာ သယ်ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး စိုးမိုးကျော်၊ ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး သက်နောင်၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် အဆို၊ အက၊ အတီးပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့ ကိုယ်စား တပ်ကြပ်အောင်အောင်ထက်နှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်းတို့က ဆုများ လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက မြဝတီရုပ်မြင်သံကြား၏(၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြဝတီရုပ်မြင်သံကြားမှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ နှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း လှည့်လည်၍ သရုပ်ပြသရိုက်ကူးမှုများ၊ Production Studio၊ News Studio၊ Presentation Room တို့အတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် မီဒီယာအခန်းကဏ္ဍသည် စဉ်ဆက်မပြတ် တိုးတက်နေသဖြင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် တင်ဆက်မှုများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ သတင်းများ ထုတ်လွှင့်ရာတွင် တည်းဖြတ်မှုများနှင့် ထုတ်လွှင့်မှုများ မှန်ကန်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆက်ဆံရေးတပ်များ၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ခင်းကျင်းပြသထားသည့်ပြကွက်များနှင့် ရှေးယခင်ခေတ်များက အသုံးပြုခဲ့သည့် စက်ပစ္စည်းများဖြင့် ရှေးယခင် ရုပ်ရှင်ဇာတ်ကားပြသမှုများကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနား Signing Booth တွင် အမှတ်တရ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ်၊ မတ် ၂၇ ရက်၊ နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(နေပြည်တော်)ကို ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်စေရေးအတွက် "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်" ဟူသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်၊ ပြည်သူ လူထုနှင့် တပ်မတော်အတွက် တာဝန်ကျေပွန်သော မီဒီယာတစ်ခုအဖြစ် ဆက်လက်ကြိုးပမ်းရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနား Signing Booth တွင် အမှတ်တရ လက်မှတ်ရေးထိုးစဉ်။

**◆ မိမိတို့တပ်မတော်၏ မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့သည် တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန်လိုသကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများဖြစ်စေရေး ဆောင်ရွက်သွားကြမည်၊ ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆဖန်တီးနိုင်သူများ ဖြစ်စေရေးအတွက်လည်း ကြိုးစားသွားကြရမည်**

## လက်ပံတန်းမြို့နယ်၌ ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

လက်ပံတန်း ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း(၂)စီမံချက်ဖြင့် ဂုံမင်းကွင်းကျေးရွာရှိ အသက် ၁၆ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က ပန်းခင်း (၂) စီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုရှိ ပြည်သူများထံအရောက် အိမ်ထောင်စုလူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားတိုင်းအတွက် မရှိမဖြစ်ကိုင်ဆောင်ရမည့် စိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်သူများကလည်း အထူးဂရုပြုထိန်းသိမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက ပန်းခင်း(၂)စီမံချက်ဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရာတွင် ပါရှိရမည့် အထောက်အထားများ၊ ကတ်ပြားပျောက်ဆုံး၊ ပျက်စီးမှုမရှိစေရေး၊ စနစ်တကျကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကိုအသိပညာပေး၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲတက်ရောက်

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည့် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။





အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာနလက်အောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း(ရေကြောင်း)ဆုရ သန့်လွင်အေး၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)ဆုရ မင်းခန့်၊ စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ)ဆုရ သာတအောင်၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရ ဘုန်းမြင့်မောင်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ နိုင်လင်း၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ ကျော်ဇင်မျိုးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် သက်တမ်းအားဖြင့် ရွှေရတုနှစ်(၅၀) ကျော်ခဲ့ပြီဖြစ်ရာ စတင်တည်ထောင်ချိန်မှစ၍ ယခုအချိန်အထိ နိုင်ငံတော်အတွက် လိုအပ်သော ရေကြောင်းပညာ မျိုးဆက်သစ်များကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးနေသော သမိုင်းအစဉ်အလာကြီးမားသည့် ရေကြောင်းဘက်ဆိုင်ရာ ကောလိပ်ကျောင်းကြီးတစ်ကျောင်းဖြစ်ပါကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် နိုင်ငံတကာရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကျရာတာဝန်များကို ထမ်းဆောင်လျက်ရှိကြသကဲ့သို့ ဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းဘက်ဆိုင်ရာကဏ္ဍများကို တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနများတွင်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေကြပါကြောင်း၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် သင်တန်းဆင်းအရာရှိလောင်းများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရာရှိလောင်းများအနေဖြင့် သင်တန်းမှ လေ့ကျင့်သင်ကြားပေးခဲ့သည်များကို အခြေခံ၍ လုပ်ငန်းခွင်များတွင် ခေတ်မီအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြစေရေး ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် "ရေကြောင်းကုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူပြုသည့်ကဏ္ဍဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ရေကြောင်းပညာရှင်များဖြစ်လာအောင် လေ့ကျင့်မွေးထုတ်ပေးရန်" မှာကြားခဲ့ပါကြောင်း၊ ကျောင်းဆင်းအရာရှိလောင်းများအနေဖြင့် ကုန်သွယ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာ၊ မိခင်ကျောင်းတော်ကြီး၏ ဂုဏ်သတင်းများ အစဉ်ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်၊ အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်းမျိုးဆက်သစ်ရေကြောင်းလူငယ်များဖြစ်အောင် ကြိုးစားကြရန်၊ မိမိနှင့် သက်ဆိုင်သည့် ပညာရပ်များကိုလည်း ခေတ်နှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်၊ ရေကြောင်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး ကြိုးစားဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။**(အပေါ်ပုံ)**

စစ်ရေးပြအခမ်းအနားအပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းဆင်းအရာရှိလောင်းများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ အရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံဂုဏ်ပြုစကား ပြောကြားသည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၄)၌ ရေကြောင်းအရာရှိလောင်း ၂၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၅၀ ၊ ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ခြောက်ဦး စုစုပေါင်း ၈၃ ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ရေကြောင်းပညာအရာရှိလောင်းနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း စုစုပေါင်း ၅၅၈၄ ဦးတို့ကို မွေးထုတ်ပေးခဲ့သည့်အပြင်၊ ပင်လယ်ပြင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအတွက် ရေကြောင်းအရာရှိ ၈၇၃၇၉ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိ ၂၈၆၄၄ ဦး၊ ရေကြောင်းဘက်ဆိုင်ရာ အခြားအဆင့် သင်တန်းသား ၁၅၂၂၁၉ ဦး စုစုပေါင်း ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူ ၂၇၃၈၂၆ ဦး လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အချိန်အထိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် ရေယာဉ်မှူးကြီး(Captain)အဆင့် ၅၆၁ ဦး၊ အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၃၆၅ ဦးတို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ရေယာဉ်တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဝင်းအတွင်း တန်ချိန်၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုအခြေအနေနှင့် ဌာနမှစီစဉ်ဖွင့်လှစ်သင်ကြားပေးနေသည့် လျှပ်စစ်ဂဟေဆက်သင်တန်းလေ့ကျင့်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းလုပ်ငန်းများ လျင်မြန်သွက်လက်စေရေး၊ အခွန်ငွေတိုးမြှင့်ကောက်ခံနိုင်ရေး ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆူးလေဆိပ်ကမ်းအမှတ် (၁)၊(၂)၊(၃)နှင့် (၄) ဆိပ်ခံတံတားများ၏အခြေအနေ၊ တံတားများတွင် ပြည်ပသင်္ဘောများ ဆိုက်ကပ်၍ ဆန်တင်ပို့ရန်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီရုပ်မြင်သံကြား (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၅**

မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်း၊ တပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်စဉ်။



ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်း ထူးချွန်ဆု ချီးမြှင့်စဉ်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်း *စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာ - ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာသင်္ကြန်ပွဲတော် (Songkran) အခမ်းအနား တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၅

**မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာသင်္ကြန်ပွဲတော် (Songkran) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ဒဂုံမြို့နယ်ရှိ ထိုင်းသံအမတ်ကြီး နေအိမ်၌ ကျင်းပသည်။**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ကြီးအမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကမ္ဘောဒီယားနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံသံရုံးများမှ သံတမန်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ထိုင်းသံအမတ်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ကာ ဒင်္ဂါးများ ကပ်လှူပူဇော်ကြပြီး မြန်မာ - ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသော ထိုင်းရိုးရာ အစားအစာဆိုင်ခန်းများ၊ သဲပုံစေတီနှင့် ပိုက်ကျော်ခြင်း သရုပ်ပြကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ထိုင်းရိုးရာသင်္ကြန်ပွဲတော် (Songkran)အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ထိုင်းသံအမတ်ကြီး၊ တရုတ်သံအမတ်ကြီး၊ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် တာဝန်ရှိသူများကို မြန်မာနိုင်ငံတွင် ရောက်ရှိနေကြသည့် ထိုင်းနိုင်ငံသားများက ထိုင်းရိုးရာ သင်္ကြန်ရေအေးဖြင့် အပြန်အလှန် ပက်ဖျန်းပေးကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက "မြနန္ဒာ" သီချင်းဖြင့် သီဆိုပြီး ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့က တွဲဖက်ကပြ ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ထိုင်းဘာသာသင်ကြားနေသော မြန်မာကျောင်းသူများက ထိုင်းရိုးရာအကဖြင့် ကပြဖျော်ဖြေမှုကို လည်းကောင်း၊ ထိုင်းနိုင်ငံမှ အဆိုတော်က ထိုင်းတေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်မှုကို ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေခဲ့သူများကို ဂုဏ်ပြုပန်းစည်းလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို ထိုင်းသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ - ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည့် ထိုင်းရိုးရာသင်္ကြန်ပွဲတော်(Songkran)အခမ်းအနားသည် မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပြသသကဲ့သို့ နှစ်နိုင်ငံအကြား လူမှု၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**



# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဧပြီ ၅**

ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများအား ၂၀၂၃ ခုနှစ် မဟာသင်္ကြန်ကာလအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ကုသိုလ်ကောင်းမှုများ ပြုလုပ်လှူဒါန်းနိုင်ရန်နှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ညွှန်ကြားရေးမှူးချုပ်များထံ ထောက်ပံ့ငွေများ ပေးအပ်ပြီး **(ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီရုပ်မြင်သံကြားတွင် (၁၀) နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်မှ ထူးချွန်ဆုရ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆု၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်းမဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆုရရှိသူများကို လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက မြဝတီသတင်းစာတိုက်၊ ရတနာပုံ သတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်လိုက်မြို့၌ နွေရာသီအားကစား အခြေခံသင်တန်းဆင်းပွဲကျင်းပ

**မော်လိုက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ အားကစားသင်တန်းများ ဆင်းပွဲအခမ်းအနားကို ယမန်နေ့က ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် အားကစားနည်းတစ်ခုခု၏ အခြေခံပညာရပ်ကို လေ့ကျင့်လိုက်စားခြင်းဖြင့် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်စေရန် ရည်ရွယ်ချက်များဖြင့် အားကစားနည်း ခုနစ်မျိုးကို ဖွင့်လှစ်သင်ကြား



ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ခရိုင်အား/ကာမှူး ဦးဝင်းထိန်တို့က သင်တန်းဆင်းလက်မှတ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးသည်။**(ဝဲပုံ)**

အဆိုပါ သင်တန်းတွင် အားကစားနည်း ခုနစ်မျိုးကို သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်သင်ကြားခဲ့ရာ သင်တန်းကာလမှာ မတ် ၁ ရက်မှ ဧပြီ ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **ခရိုင်( ပြန်/ဆက်)**

# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးခဲ့သည့် မျက်မြင်တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သုံးသပ်ညှိနှိုင်းစည်းဝေး






နေပြည်တော် မေ ၅

မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးခဲ့သည့် မျက်မြင်တွေ့ရှိချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ (၃) ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌက ယနေ့ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရှေ့ပြေးစမ်းသပ်စီမံကိန်းဖြင့် ပြန်လည်စိစစ်လက်ခံရန် လျာထားသည့် နေရပ်စွန့်ခွာသူများနှင့် ၎င်းတို့၏ ဆက်စပ်မိသားစုဝင်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနဒ့်ဖ်မြို့သို့ မျက်မြင်စစ်ဆေးရေးအဖွဲ့ သွားရောက်၍ မျက်မြင်စစ်ဆေးခဲ့သည့် တွေ့ရှိချက်များနှင့်စပ်လျဉ်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီက ပြုစုထားရှိသည့် အစီရင်ခံစာအပေါ် အကြံပြုသုံးသပ်ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ မျက်မြင်စစ်ဆေးရေးအဖွဲ့၏ မျက်မြင်တွေ့ရှိချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၏ ဖြစ်ပေါ်တိုးတက်မှုနောက်ဆုံးအခြေအနေများကို ဝိုင်းဝန်းသုံးသပ် အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးက မျက်မြင်စစ်ဆေးရေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြေပြင်ဖြစ်ရပ်မှန်များကို သွားရောက် မျက်မြင်စစ်ဆေးခဲ့သည့် အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက မျက်မြင်စစ်ဆေးရေးအဖွဲ့၏ မျက်မြင်တွေ့ရှိချက်များ၊ မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီမှုဖြင့် Pilot Project အရ ပြန်လည်စိစစ်လက်ခံမည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာတင်ပို့ပြီးစီးခဲ့သည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ




နေပြည်တော် မေ ၅

၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုးနှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ဒေါ်သန်းသန်းလင်း၊ ဒေါက်တာအောင်ကြီးနှင့် ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအကြိမ် ဆန်တန်ချိန် တစ်သိန်းကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် ဆန်တန်ချိန် တစ်သိန်းကို ၂၀၂၁ ခုနှစ်တွင် လည်းကောင်း အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခု တတိယအကြိမ် ဆန်တန်ချိန် နှစ်သိန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာ ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ငါးနှစ်စာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Honorable Md. Ismiel Hossail က Video Clip ဖြင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခင် အစိုးရအဆက်ဆက်က ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိသော ပို့ကုန်ထောက်ပံ့ငွေအဖြစ် ယခင်နှစ်တွင် ငွေကျပ်ဘီလီယံ ၃၀ ကို လည်းကောင်း၊ ယခုနှစ်တွင် ငွေကျပ် ၇၉ ဘီလီယံကိုလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

## အသက်ရှည်ရာ အနာမဲ့ကြောင်း

❖ ထမင်းအသက် ခုနစ်ရက်ဟု
စဉ်ဆက်ပြောလာ ယုံကြည်ပါလည်း
ကျန်းမာရေးမှာ ကောင်းကြပါမှ
စားကာသောက်ကာ ပျော်ကာရွှင်ရေး
သင်စိတ်အေးလိမ့်။

❖ ရေ၏အသက် တစ်မနက်ဟု
ဆိုချက်သတိ ရှိသော်ရှိငြား
စားစားသောက်သောက် နေနိုင်လောက်စေ
ကျန်းမာနေမှ သင့်ဘဝအတွက်
ရပ်တည်လျက်သာနေရပါလိမ့်။

❖ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးပါဟု
မြတ်စွာဗုဒ္ဓ ဟောညွှန်ပြခဲ့
လူကကျန်းမာ စိတ်ချမ်းသာမှ
လိုရာပြီးမြောက် ထင်တိုင်းပေါက်လိမ့်။

❖ ရာသီဥတု တည်ငြိမ်မှုမဲ့
ယခုအေးနေ မကြာနေပူ
ခါမူကန့်သတ် မရှိတတ်ပါ
မိုးရွာတစ်ပြိုက် နေထွက်လိုက်နှင့်
စိတ်ကြိုက်မလှ သဘာဝတရား
ရှောင်ရှားမရ သင်တွေ့ရလိမ့်။

❖ ထို့ကြောင့်သာပင် အရာရာအစစ
လုံ့လစိုက်ထုတ် လှုပ်ရှားကိုယ်လက်
အားကစားဖက်မှ အသက်ရှည်ရာ
အနာမဲ့ကြောင်း သင်ရကောင်းလိမ့်
မနှောင်းမီခင် ယခုပြင်မှ
ကိုယ်တွင်ကျန်းမာ စိတ်ချမ်းသာလိမ့်
မှတ်ပါစေကြောင်း စေတနာကောင်းဖြင့်
သွန်းလောင်းမေတ္တာ ဖျန်းပက်ပါ၏
ကျန်းမာချမ်းသာကြစေသော်။

(မေ ၇ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ကို ကြိုဆိုလျက်)

ဘိုမျိုး(ရွှေဘို)

# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများကို လူရည်ချွန်စခန်းအသီးသီးသို့စေလွှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၅

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို လူရည်ချွန်စခန်းအသီးသီးသို့ စေလွှတ်နိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် ရွေးချယ်မွေးထုတ်ပေးလိုက်သည့် လူရည်ချွန် မောင်မယ်များကို လူရည်ချွန်စခန်း အသီးသီးတွင် စခန်းချနိုင်ရေး၊ အတွေ့အကြုံရိုးရာဓလေ့ထုံးစံများ ဖလှယ်ရေးနှင့် ဒေသန္တရဗဟုသုတများကို လေ့လာနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုရယူရန်အတွက် ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို စံနမူနာထားကာ ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်တွင် အဋ္ဌမတန်း လူရည်ချွန် ၁၆၀၊ ဒသမတန်းလူရည်ချွန် ၁၆၀၊ ကောဒသမတန်း လူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ် စေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူရည်ချွန် မောင်မယ်များအနေဖြင့် လေ့လာရေးခရီးစဉ်တွင် ရင်းနှီးခင်မင်မှုရရှိခြင်း၊ ပူးပေါင်းပါဝင်ဆောင်တတ်ခြင်း၊ ဒေသန္တရဗဟုသုတများ ဖလှယ်ခြင်းဖြင့် မိမိတို့နေထိုင်ရာဒေသအကြောင်းနှင့် မိမိနိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်များ ကိန်းအောင်းရှင်သန်စေမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်တစ်လျှောက် တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လေ့လာရေး၊ စသည့် လုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် လူရည်ချွန်စီမံကိန်း အစီအစဉ်အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက လူရည်ချွန်စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အားဖြည့်သွင်းရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## လျှပ်စစ်သုံးယာဉ်များကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခ ကင်းလွတ်ခွင့် ပြုပေးထားပြီးဖြစ်

နေပြည်တော် ဧပြီ ၅

**Earth Renewable Energy Co.,Ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ၁၁၅ မိုင် ဖြူးယာဉ်ရပ်နားစခန်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် ကနဦးစီမံကိန်းကာလအတွင်း Charging Station များကို နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ငါးနေရာ စုစုပေါင်း ၁၉ နေရာကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပထမအဆင့် အနေဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့ကြီးများ၏ မြို့ပြလမ်းကွန်ရက်စနစ်များတွင် EV ယာဉ်များ ပြေးဆွဲရာ၌ အဆင်ပြေကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဓိကလမ်းကွန်ရက်များဖြစ်သည့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ ရန်ကုန် - တောင်ငူ - မိတ္ထီလာ - မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန် - ပုသိမ်လမ်း၊ ရန်ကုန် - ပဲခူး - ဘုရားကြီး - သထုံ - မော်လမြိုင်လမ်း၊ မိတ္ထီလာ ကျောက်ပန်းတောင်း-ပုဂံ/ညောင်ဦးလမ်း၊ မိတ္ထီလာ - တောင်ကြီးလမ်း၊ မန္တလေး - ပြင်ဦးလွင် - လားရှိုးလမ်း စသည့် နိုင်ငံ၏အဓိကလမ်းမကြီးများတွင် ပြေးဆွဲနိုင်အောင် လျာထား စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Earth Renewable Energy Co.,Ltd မှ တာဝန်ရှိသူက EV Charging Station တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်မော်တော်ယာဉ်နှင့် လျှပ်စစ်ဘတ်စ်ကား ဓာတ်အား ဖြည့်သွင်းရုံကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံး ယာဉ်များအတွက် လျှပ်စစ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပြည်သူများ သွားလာရေး လွယ်ကူ အဆင်ပြေစေရန်နှင့် ကုန်ကျစရိတ် သက်သာစေရန်အတွက် လျှပ်စစ်သုံးယာဉ်များကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခ ကင်းလွတ်ခွင့် ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် မိခင်ကလေးကျန်းမာရေး၊ ကာကွယ်ဆေးထိုးခြင်းနှင့် အာဟာရလုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်ကောင်းမွန်ရေးစကားဝိုင်းကျင်းပ



အိမ်မဲ ဧပြီ ၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူဆေးရုံ အစည်းအဝေးခန်းမ၌ ဧပြီ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် မိခင်ကလေးကျန်းမာရေး၊ ကာကွယ်ဆေးထိုးခြင်းနှင့် အာဟာရလုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်ကောင်းမွန်ရေးစကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင်ကျင်းပသည်။

စကားဝိုင်းတွင် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က ဆွေးနွေးပြီး ထန်းတပင်ကျေးလက်ကျန်းမာရေးဌာနခွဲသားဖွားဆရာမ ဒေါ်အိအိခိုင်က ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ အာဟာရလုပ်ငန်းများအကြောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူယာစိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုလှဲ့ရည်ဝင်း၊ World Vision Myanmar Einme တာဝန်ခံ ဦးငြိမ်းချမ်းစိုး၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝင့်ဝါဝင်းထွဋ်တို့က မိမိတို့ဌာနမှ မိခင်နှင့် ကလေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းနှင့် အာဟာရလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများတွင်လည်း ပါဝင်အားဖြည့်ကူညီဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ပရဟိတအသင်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ကမ်းသောလက်တွေ ညောင်းလှပြီ

မောင်မုဒိတာ

**ပြီးခဲ့သည့် မတ် ၈ ရက် ညဘက် တီဗွီသတင်းတွင်ကြည့်လိုက်ရသည်။ နောက်တစ်နေ့ သတင်းစာတွင်လည်း စိတ်ဝင်တစားဖတ်မိသည်။ "အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်း နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာ" ဆိုသည့်သတင်းဖြစ်သည်။**

ဦးဆောင်သူက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဖြစ်သည်။ မြန်မာနိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှကိုယ်စားလှယ်အဖွဲ့ဝင်များအား ဦးဆောင်ကာ နေပြည်တော်မှ စစ်တွေသို့လေကြောင်းခရီး၊ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်ဝင်ရောက်လာပါက အဆင်သင့်ဖြစ်စေရေးအတွက် စီစဉ်ထားသည့် မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းတို့ကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြန်လည်နေရာချထားမည့် လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ၊ မျက်ဝါးထင်ထင် လိုက်လံရှင်းလင်းပြသခြင်း ဖြစ်သည်။ လိုက်ပါလာသူများ၏ သိရှိလိုသည်များကိုလည်း စခန်းအသီးသီး၌ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် ဌာနအလိုက် တာဝန်ခံတွေက ဂုဏ်သိက္ခာရှိစွာ ပြန်လာမည့်သူများအတွက် လက်ခံဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းချပြ ဆွေးနွေးခဲ့ကြသည်ကိုလည်း တွေ့ရသည်။

## နှစ်တော်တော်ကြာနေပြီ

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရာမှာ ရေလမ်းကြောင်းက ဝင်လာသူများအတွက် ငါးခူရ၊ ကုန်းလမ်းကြောင်းမှ ဝင်လာသူများအတွက် တောင်ပြိုလက်ဝဲ စသည့်ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိသည်မှာ နှစ်တော်တော်ကြာနေပြီဖြစ်သည်။ ဒီစခန်းနှစ်ခုမှာ ပြန်လည်လက်ခံပြီးသူများကို လှဖိုးခေါင်စခန်းတွင် ယာယီနေရာချထားရန်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ အဲဒီကမှတစ်ဆင့် ၎င်းတို့ နဂိုက နေထိုင်ခဲ့သည့်နေရာ (သို့မဟုတ်) တာဝန်ရှိသူများက စီစဉ်နေရာချထားပေးသည့်နေရာတို့သို့ အသီးသီး ပြောင်းရွှေ့နေရာချထားပေးရန်လည်း စီမံထားပြီးဖြစ်သည်။ စခန်းသုံးခုလုံးတွင်လည်း ပြန်လည်ဝင်ရောက်လာသူများအတွက် အသင့်နေထိုင်နိုင်ရန် မိုးလုံလေလုံအဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာအပြည့်အစုံ၊ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားအပါအဝင် စားသောက်ဖွယ်ရာများနှင့် ချက်ပြုတ်စားသောက်ရန် ထင်းအစားထိုးလောင်စာတောင့်ကအစ အဆင်သင့်စီစဉ်ထားပြီးသား။ ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးပစ္စည်းအစုံအလင်နှင့် ကျန်းမာရေးဝန်ထမ်းများလည်း ရှိနှင့်ပြီးပြီ။ အဲဒါတွေက ခုမှမဟုတ်၊ ၂၀၁၈ ခုနှစ် ပထမဆုံးအကြိမ် ပြန်လည်လက်ခံမည့်အချိန်ကတည်းက အပြည့်အစုံရှိပြီးသား။



အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာကြစဉ်။

အဆောက်အအုံကအစ မကြာခဏဆိုသလို ပြုပြင်ပြင်ဆင်ဆောင်ရွက်နေရသော်လည်း ဝင်လာမည့်သူများက အကြောင်းအမျိုးမျိုးပြ၍ ပြန်မလာကြ။ ယခုလည်း ယခင်လိုပင် အားလုံးအဆင်သင့် ရှိနေသည်။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အတူ နွေနေပူအောက်မှာ စိတ်ဝင်တစားလိုက်ပါကြည့်ရှုလေ့လာကြသည့် သံရုံးအကြီးအကဲများ၊ သံတမန်များနှင့် AHA ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မြန်မာနိုင်ငံဘက်မှ လက်ရှိပကတိဆောင်ရွက်ထားရှိမှုများကို မျက်မြင်ကိုယ်တွေ့ သိရှိနားလည်သွားမည်ကတော့ ဧကန်ဖြစ်သည်။ **၎င်းတို့၏ မျက်မြင်ကိုယ်တွေ့သိရှိမှု အစီရင်ခံချက်များအရ ၎င်းတို့၏ နိုင်ငံအကြီးအကဲများကလည်း သိရှိနိုင်မည်။ ထိုမှတစ်ဆင့် နိုင်ငံတကာက သိရှိနားလည်စေချင်မိသည်။** ဒါကကျွန်တော့်၏ဆန္ဒ။ သို့သော်လည်း ပြန်လည်လက်ခံရေးကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များက ရပ်တန့်နေသယောင်၊ နှေးကွေးနေသယောင်၊ ဘာမှမလုပ်သယောင် ပြည်ပမီဒီယာတချို့နှင့် ပြည်ပနိုင်ငံတချို့။ ထို့အပြင် ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူ တချို့က ပြန်လည်လက်ခံရေးလုပ်ငန်းဆောင်ရွက်ချက် အရှိပကတိအခြေအနေများကို မျက်ကွယ်ပြု၊ မျက်စိစုံမှိတ်ငြင်းနေသည်က ရှိနေသည်။ မြန်မာဘက်ကဘာမှမလုပ်ဘူးဆိုပြီး။ ဒီအဖြစ်ကိုလည်း အမှန်ထင်နေကြသူများကလည်း ရှိနေသည်။

## အားလုံးအဆင်သင့်

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများလည်း တောင်ပြိုလက်ဝဲ၊ ငါးခူရ၊ လှဖိုးခေါင်စခန်းများကို လှည့်လည်သွားရောက်ပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာစခန်းအလိုက် တာဝန်ခံများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။ အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ စားသောက်ရေးကအစ စီစဉ်ဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ယင်းအဖွဲ့တွင် မိမိကိုယ်တိုင်ပါဝင်ခဲ့သည့်အတွက် **ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် စီစဉ်ထားရှိမှုက လုံးဝဥဿုံ အားလုံးအဆင်သင့်ဖြစ်နေပြီ**ဟု ပြောလိုသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားသည့် အကြောင်းအရင်းတွေ၊ အဖြစ်အပျက်တွေက စိတ်ဝင်စားကြသူများဆိုပါက အလွတ်ပင် ရနေလောက်ပြီ။ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများ၊ ညှိနှိုင်းမှုများ၊ ချပြမှုများ မီဒီယာမျိုးစုံမှာ ဖော်ပြနေကြသည်။ နိုင်ငံပိုင်မီဒီယာများကတော့ လက်ရှိပကတိဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထုတ်လွှင့်နေကြသော်လည်း တချို့ကအမှန်လုပ်ရပ်ကို ဥပေက္ခာပြု၍ နိုင်ငံရေးကစားကွက်အဖြစ် လုပ်ဇာတ်ခင်းအသွင်ပြောင်းသွတ်သွင်းကာ လိုရာကိုပုံဖော်ဖိအားပေးနေကြသည်။ ဇာတ်နာအောင်ပေါ့။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်များတွင် အာဆာအကြမ်းဖက်အဖွဲ့များက ရဲစခန်းနှင့်တပ်စခန်းတွေကို အလုံးအရင်းနဲ့စီမံချက်ချ ဝင်ရောက်တိုက်ခိုက်ရာမှ မအောင်မြင်ခဲ့တဲ့အခါမှာ ဘင်္ဂါလီများကို စည်းရုံး၊ မရရင်ခြိမ်းခြောက်ဖိအားပေး၊ အကျပ်ကိုင်၊ ရွာတွေမီးရှို့ စသည့်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအများစုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်သွားကြခြင်းဖြစ်သည်။ ပြည်ပနိုင်ငံတချို့နှင့် ပြည်ပမီဒီယာတချို့ကဖြစ်စဉ်အမှန်ကို ထိမ်ချန်ပြီး လုပ်ဇာတ်များဖြင့် ဘာသာရေး၊ လူမျိုးရေးမှိုင်းတိုက်ကာ လိုသလိုပုံဖော်၍ နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားနေကြသည်။ ၎င်းတို့နှင့်အတူ ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူများဟု ဆိုသူများကလည်း ဘင်္ဂလားဒေ့ရှ်ရောက် ဘင်္ဂါလီများအတွက်သာ အရေးဆိုနေကြပြီး အာဆာရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှု၊ အိုးမဲ့အိမ်မဲ့ဖြစ်မှုများ ကြုံတွေ့ရသည့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများနှင့် ဟိန္ဒူများ၏ အဖြစ်သနစ်ကိုတော့ မသိသလို လျစ်လျူရှုနေကြသည်။

## ပြန်လည်လက်ခံရေး မူ (၅) ချက်

မည်သို့ပင်ဆိုစေ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရန် အဆင်သင့်ရှိနေသည်ကတော့အမှန်။ သို့သော်လည်း ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံသဘောတူညီချက်များအနက် **နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးမူ (၅) ချက်**နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှသာလျှင် မြန်မာဘက်က ပြန်လည်လက်ခံမည်ဆိုသည်ကိုတော့ သိရှိထားရပေမည်။ အဆိုပါ ပြန်လည်လက်ခံရေးမူ (၅) ချက်ကတော့ **(၁) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ရမည်။ (၂) မိမိဆန္ဒအလျောက် ပြန်လာမည့်သူဖြစ်ရမည်။ (၃) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရမည်။ (၄)ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားခဲ့သည့်ကလေးများဖြစ်ပါက မိဘနှစ်ပါးလုံးသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများဖြစ်ရမည်။ (၅) နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ရောက်ရှိပြီး မွေးဖွားသည့်ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ ထောက်ခံချက်ပါရှိရမည်။** စသည့် စံသတ်မှတ်ချက် (၅) ချက်ပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပေးပို့လာသည့်စာရင်းများကို ဒီစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ လက်ရှိမြန်မာနိုင်ငံတွင်ရှိနေသည့်စာရင်းများနှင့် တိုက်ဆိုင်စိစစ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိစာရင်းများ ဆိုရာတွင် ယင်းဒေသတွင် ယခင်ကတည်းက နှစ်စဉ်နှစ်တိုင်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နေရပ်စွန့်ခွာမှု မရှိမီ ကာလအထိဆောင်ရွက်ခဲ့သည့် ဆွဲတင်စစ်ဆိုသည့် လုပ်ငန်းစဉ်စာရင်းများဖြစ်သည်။

**" မည်သို့ပင်ဆိုစေ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရန် အဆင်သင့်ရှိနေသည်ကတော့အမှန်။ သို့သော်လည်း ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံသဘောတူညီချက်များအနက် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးမူ (၅) ချက်နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှသာလျှင် မြန်မာဘက်က ပြန်လည်လက်ခံမည်ဆိုသည်ကိုတော့ သိရှိထားရပေမည် "**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဆွဲ၊ တင်၊ စစ် ဆိုသည်မှာ ရခိုင်ပြည်နယ် (မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ကြသည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးတာဝန်ရှိသူများအနေဖြင့် ယင်းဒေသရှိ လူဦးရေနှင့်အချက်အလက်များကို နှစ်စဉ်နှစ်တိုင်း ကောက်ယူမှတ်တမ်းတင်နိုင်ရေးအတွက် စာရင်းကောက်ယူမည့်ဒေသကို မြေပုံရေးဆွဲခြင်း၊ အချက်အလက်မှတ်တမ်းတင်ခြင်းနှင့် စာရင်းကောက်ယူစစ်ဆေး ခြင်းလုပ်ငန်းကို အတိုကောက်ခေါ်ယူခြင်းဖြစ်သည်။ (၃) မျိုးစာရင်းဟု ခေါ်ကြသည်လည်း ရှိသည်။ ယင်းကဲ့သို့ မြေပုံတွင် တင်ထားသည့် အိမ်ခြေအလိုက် လူဦးရေအချက်အလက်များကို နှစ်တိုင်းကောက်ယူသည့်အတွက် တိကျမှန်ကန်သည့်အချက်အလက်များက နှစ်တိုင်းရရှိသည်။ မိသားစုအလိုက် မှတ်တမ်းဓာတ်ပုံကိုလည်း ရယူမှတ်တမ်းတင်ကြသည်။ ဘင်္ဂလားဒေ့ရှ်မှ ပေးပို့သည့် စာရင်းများကို ၎င်းတို့ ရခိုင်ပြည်နယ်မှ နေရပ်မစွန့်ခွာမီ နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဆွဲတင်စစ်စာရင်းဖြင့် တိုက်ဆိုင် စစ်ဆေးပြီး စံ(၅)ချက်နှင့်ကိုက်ညီမှသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်သည့်အတွက် စာရင်းဖြည့်သွင်းမှုအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးလှသည်။

## နေရပ်စွန့်ခွာသူများ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများတွင် ဘင်္ဂါလီများအပြင် ဟိန္ဒူဘာသာဝင်များလည်း ပါဝင်သည်။ သံတမန်လမ်းကြောင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့်နေရပ်စွန့်ခွာသူ စာရင်းများကို လဝကရှိ ဆွဲ၊ တင်၊ စစ် မှတ်တမ်းများမှ စာရင်းများဖြင့် တိုက်ဆိုင်စိစစ်ရသည်။ ယင်းသို့ တိုက်ဆိုင်စိစစ်ရသည်က လွယ်လွယ်ကူကူတော့ မဟုတ်၊ ပေးပို့လာသော အိမ်ထောင်စုအလိုက် စာရင်းအချက်အလက်များသည် သတ်မှတ်ပုံစံတွင် ဖြည့်သွင်းပေးသည်ဆိုသော်လည်း နေရပ်စွန့်ခွာသူများကပြောကြားသည့် အသံထွက်အတိုင်း ရေးသွင်းသည့်အတွက် စိစစ်ရာတွင် အခက်အခဲများစွာရှိနေသည်။ စိစစ်ရေးပုံစံတွင် ဖြည့်သွင်းသည့် အမည်၊ နေရပ်လိပ်စာ၊ မိသားစုအချက်အလက်များအား မြန်မာနိုင်ငံရှိ အချက်အလက်၊ အိမ်ထောင်စုစာရင်းများ ကွဲလွဲမှုများရှိနေပြီး အတည်ပြုရန် ခက်ခဲလျက်ရှိသဖြင့် ပြန်လည်မေးမြန်းစုံစမ်းမှုများကြောင့် ကြန့်ကြာမှုများရှိနေသည်။ ယင်းကဲ့သို့ နှောင့်နှေးကြန့်ကြာမှုအပေါ် လုပ်ငန်းအတိမ်အနက်ကို မကြည့်ဘဲ မြန်မာဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ပူးပေါင်းဆောင်ရွက်ခြင်းမရှိသယောင် ပြစ်တင်ဝေဖန်နေသည့် နိုင်ငံတချို့ကလည်း ရှိနေသည်။

ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများစုနေထိုင်ရာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် နယ်မြေများအတွင်း နှစ်စဉ်တစ်အိမ်တက်ဆင်းကောက်ယူခဲ့သည့် ဆွဲ၊ တင်၊ စစ် စာရင်းများအရ ၂၀၁၆၊ ၂၀၁၇ ခုနှစ် အကြမ်းဖက်ဖြစ်စဉ်များမဖြစ်ပွားမီ အိမ်ထောင်စုပေါင်း ရှစ်သောင်းကျော်၊ လူဦးရေအားဖြင့် ခုနစ်သိန်းကျော်ရှိနေသည်။ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သည့် ဆွဲ၊ တင်၊ စစ် စာရင်းများအရ အိမ်ထောင်စု နှစ်သောင်းကျော်၊ လူဦးရေ နှစ်သိန်းခန့် ကျန်ရှိနေခြင်းကြောင့် တစ်ဖက်နိုင်ငံသို့ အမှန်တကယ်ထွက်ခွာသွားသူစာရင်းမှာ အိမ်ထောင်စု ၅၆၀၀၀ ခန့်၊ လူဦးရေ ငါးသိန်း လေးသောင်းခန့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှပေးပို့လာသည့်စာရင်းမှာ မြန်မာနိုင်ငံဘက်က စိစစ်ထားသည်ထက် လူဦးရေ သုံးသိန်းခန့် ပိုမိုနေသည်။ ၎င်းတို့က အိမ်ထောင်စု နှစ်သိန်းနီးပါး၊ လူဦးရေ ရှစ်သိန်းကျော် စာရင်းပေးပို့လာသည်။ **မည်သည့်စာရင်းများ၊ မည်သည့်ကာလက ရှိနေသူများကို ထည့်သွင်းဖော်ပြထားသည် မသိ။ မိမိတို့ကတော့ စံသတ်မှတ်ချက်(၅)ချက်နှင့်အညီ စိစစ်လက်ခံမည်။** ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံတမန်နည်းလမ်းအရ အသီးသီးပေးပို့လာသည့်စာရင်းများကို မိမိတို့၌ရှိနှင့်ပြီးဖြစ်သည့် ဆွဲ၊ တင်၊ စစ် စာရင်းအချက်အလက်များကို နည်းပညာအသုံးပြု စိစစ်လျက်ရှိသည်။ ယင်းသို့စိစစ်ရာတွင် အိမ်ထောင်စု ၂၄၀၀၀ ကျော်၊ လူဦးရေ တစ်သိန်းကျော်ကို စိစစ်ပြီးဖြစ်ရာ လက်ရှိစိစစ်ပြီးအခြေအနေတွင် မြန်မာနိုင်ငံ၌ နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၅၇၀၀၀ ခန့်၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အထောက်အထားမတွေ့ရှိသူ သုံးသောင်းခန့်ရှိပြီး တချို့မှာ အကြမ်းဖက်ဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများလည်း စိစစ်တွေ့ရှိရသည်။ ယင်းစိစစ်တွေ့ရှိချက်စာရင်းများကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သံတမန်လမ်းကြောင်းက ပြန်လည်ပေးပို့ပြီးလည်းဖြစ်သည်။



ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာပြည်သူများအတွက် ပြန်လည်လက်ခံရေးစခန်းများ၌ ဆောက်လုပ်ထားသောအဆောက်အအုံများ။

## အသင့်စောင့်ကြိုနေ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူပြီးသည့်နောက်ပိုင်း အဆင်ပြေပြေလက်ခံနိုင်ရေး၊ ပြန်လည်နေရာချထားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပြန်လည်လက်ခံရေးစခန်း နှစ်ခု၊ ယာယီနေထိုင်ရေးစခန်းတစ်ခုကို အပူတပြင်းစီစဉ်ဆောင်ရွက်ခဲ့ပြီး ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကိုလည်း ရုံးခန်းပစ္စည်းကိရိယာစုံလင်စွာဖြင့် ချက်ချင်းစုဖွဲ့စေလွှတ်ကာ တာဝန်ချထားခဲ့ကြသည်။ ယင်းနောက် နှစ်နိုင်ငံညှိနှိုင်းချက်အရ ပြန်လည်လက်ခံရန် စိစစ်အတည်ပြုပြီးဖြစ်သူများကို ပထမဆုံးအကြိမ်ပြန်လည်လက်ခံရေးအတွက် သတ်မှတ်ရက်ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် မြန်မာဘက်မှ ပြည်ထောင်စုဝန်ကြီးနှစ်ပါး ဦးဆောင်ကာ တာဝန်ရှိသူများနှင့်အတူ တောင်ပြိုလက်ဝဲရှိ နှစ်နိုင်ငံ နယ်စပ်သံတံတား၏မြန်မာဘက်ကမ်း၌ အသင့်စောင့်ကြိုနေကြသည်။ ယင်းနေ့မတိုင်မီရက်က အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ငါးခူရ၊ လှဖိုးခေါင်၊ တောင်ပြိုလက်ဝဲစခန်းသုံးခုစလုံးသို့ သွားရောက်၍ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အစစအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးပြီးဖြစ်သည်။

**နှစ်နိုင်ငံ နယ်စပ်သံတံတားထိပ်တွင် အချိန်အတော်ကြာစောင့်ဆိုင်းနေသော်လည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်ခြင်းမရှိသကဲ့သို့ မည်သည့်အကြောင်းပြန်ချက်မှမရရှိဘဲ ပထမဆုံးအကြိမ်ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်က အထမမြောက်ခဲ့ပါ။** မိမိကိုယ်တိုင်လည်း ယင်းသို့ကြိုလင့်စောင့်ဆိုင်းနေသည့်အဖွဲ့တွင် ပါဝင်နေသည့်အတွက် ပြည်ထောင်စုဝန်ကြီးတစ်ပါး ပြောကြားခဲ့သည့်စကားကို ကိုယ်တိုင်ကြားခဲ့ရသည်။ **“ဘယ်တတ်နိုင်ပါ့မလဲ၊ ဒို့က လက်ခံဖို့ အသင့်ဖြစ်ပေမယ့် သူတို့ဘက်ကမှ ပြန်မပို့တာ။”**

ပြန်လည်လက်ခံရေး အထမမြောက်ဖြစ်ခဲ့သည့်အတွက် နှစ်နိုင်ငံ ပြန်လည်ညှိနှိုင်းခဲ့သော်လည်း တစ်ဖက်က အကြောင်းပြချက်အမျိုးမျိုးဖြင့် ရုပ်လုံးမပေါ်ခဲ့။ ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင်လည်း ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ရန် ညှိနှိုင်းခဲ့ကြပြန်သော်လည်း အခြေအနေမပေးပြန်။ နှစ်ကြိမ်တိုင်ကြိုးပမ်းမှုတွင် မြန်မာဘက်က နှစ်နိုင်ငံ သဘောတူညီချက်များဖြင့် စိစစ်ပြီးနေရပ်စွန့်ခွာသူများကိုပြန်လည်လက်ခံဖို့ အဆင်သင့်ဖြစ်ပြီးသား၊ နေရာချထားရန်လည်း ပြင်ဆင်ထားပြီးသား ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ချက်များကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်ဖော်ပြခဲ့သော်လည်း ပြည်ပနိုင်ငံတချို့၊ ပြည်ပမီဒီယာတချို့ကတော့ မြန်မာဘက်က ဆောင်ရွက်ချက်များကို လျစ်လျူရှုမြဲ၊ တလွဲဖော်ပြဆဲဖြစ်သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းအပြင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လုပ်ငန်းအဖွဲ့ပေါင်းများစွာ ဖွဲ့စည်းကာ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုလည်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန်စိစစ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို နှစ်နိုင်ငံ အောက်ခြေလုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးဖြေရှင်းရန်အတွက် “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အထူးအဖွဲ့ (Ad Hoc Task Force for Verification of the Displaced Persons from Rakhine State)” ကို ဖွဲ့စည်းကာ ပြန်လည်လက်ခံရေးအတွက် စိစစ်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို နှစ်နိုင်ငံ အထူးအဖွဲ့များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ယင်းညှိနှိုင်းဆွေးနွေးမှုရလဒ်အရ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူ ၁၀၀၀ ကျော်ကို Pilot Project ဖြင့် ပြန်လည်လက်ခံရေးဆောင်ရွက်ရန် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ ယင်းညှိနှိုင်းချက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးပို့သည့် အိမ်ထောင်စုစာရင်း အချက်အလက်များအနက် မြန်မာနိုင်ငံမှ လက်ခံရန် စိစစ်အတည်ပြုပြီးသူစာရင်းမှ Pilot Project ဖြင့် ပြန်လည်လက်ခံမည့်စာရင်းကိုပေးပို့ခဲ့ရာတွင် ယင်းစာရင်းမှ နောက်ဆက်တွဲမိသားစုဝင်စာရင်းကိုပါ လက်ခံရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပေးပို့ခဲ့သည်။ မြန်မာနိုင်ငံဘက်မှ Pilot Project ဖြင့် ပြန်လည်လက်ခံမည့်လုပ်ငန်းစဉ် မြန်ဆန်ဖြစ်မြောက် အောင်မြင်ရေးအတွက် နောက်ဆက်တွဲပေးပို့သည့် မိသားစုဝင်များအား မျက်မြင်ကိုယ်တွေ့ မေးမြန်းစိစစ်နိုင်ရေးအတွက် မျက်မြင်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးမည့်အဖွဲ့ဝင်များအား ပြီးခဲ့သည့်မတ် ၁၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့သို့ မောင်တောမှ တစ်ဆင့် စေလွှတ်ခဲ့သည်။ ယင်းမျက်မြင်စစ်ဆေးရေးအဖွဲ့က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနက် Pilot Project ဖြင့် ပြန်လည်လက်ခံရန် အတည်ပြုထားသူများ၏ မိသားစုဝင်များ ဟုတ်/မဟုတ် မျက်မြင်တွေ့ဆုံကာ မေးမြန်းစိစစ်အတည်ပြုဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည်လည်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံသဘောတူညီချက်များဖြင့် ညှိနှိုင်းဆွေးနွေးမှုများအပေါ် မြန်မာနိုင်ငံက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုများပင်ဖြစ်သည်။ မကြာမီ မျက်မြင်စစ်ဆေးရေးအဖွဲ့များ၏ မျက်မြင်ကိုယ်တွေ့မေးမြန်းစိစစ်ချက်များအရ ပြန်လည်လက်ခံရန် အတည်ပြုသူများအား ယခင်ပြန်လည်လက်ခံရန်အတည်ပြုထားသည့်စာရင်းများနှင့် ပေါင်းစပ်ကာ Pilot Project ဖြင့်ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတချို့နှင့် ပြည်ပမီဒီယာတချို့တို့၏ မျက်စိစုံမှိတ်ကာ အပြုသဘောမဆန်သည့် ဝေဖန်သုံးသပ်မှုများက တစ်ဖက်သတ်ဆန်လှသည်။ လက်ရှိပကတိလုပ်ရပ်အပေါ် ထောက်ရှုသုံးသပ်မှသာ မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုကို သိရှိနားလည်မည်ဖြစ်သည်။ သူတို့ပြောနေသည့်လူသားချင်းစာနာထောက်ထားမှုများကို အလေးထားရင်ပေါ့။

## ဥပဒေနှင့်အညီ

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများသည် အကြမ်းဖက်ဖြစ်စဉ် မဖြစ်ပွားမီကာလများက ၎င်းတို့ဒေသတွင် အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာမတူညီကြသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် အတူတကွနေထိုင်လုပ်ကိုင်ကာ ရင်းနှီးခင်မင်စွာနေထိုင်ခဲ့ကြသည်။ ဒေသအာဏာပိုင်များကလည်း ဥပဒေနှင့်အညီ စီမံအုပ်ချုပ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း ရှေးယခင်ကတည်းက နှစ်ရှည်လများ နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးတချို့သည်ပင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ချက်အရ မြန်မာနိုင်ငံသားပင်ဖြစ်နေကြပြီ။ တချို့က နိုင်ငံသားပြုခွင့်ရသူများဖြစ်နေပြီ၊ တချို့ကတော့ အကြောင်းကြောင်းကြောင့် နိုင်ငံသားဖြစ်ရန် ဥပဒေနှင့်အညီ စိစစ်ရပေဦးမည်။ ယင်းတို့အတွက် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးကာ ၁၉၈၂ ခုနှစ် ဥပဒေအရ မျိုးရိုးစဉ်ဆက်စိစစ်နေသူများလည်းရှိသည်။ ပြန်လည်လက်ခံမည့်သူများအားလုံးကိုတော့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အချက်အလက်များ မေးမြန်းဖြည့်သွင်းပြီး နိုင်ငံသားဆိုင်ရာကတ်တစ်မျိုးမျိုး တင်ပြနိုင်သူ၊ ကတ်အမှတ်သိရှိသူများကို

*စာမျက်နှာ ၁၂ သို့*

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် ဧပြီ ၅

**နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ဘောလုံးအသင်းများမှ နိုင်ငံ့လက်ရွေးစင် ဘောလုံးအားကစားသမားကောင်းများပေါ်ထွန်းလာစေရန်၊ ကျန်းမာကြံ့ခိုင်၍ စည်းလုံးညီညွတ်ကာ ဗလငါးတန်ဖွံ့ဖြိုးသည့် ကျောင်းသားရုပ်ဝန်းဖြစ်ပေါ်လာစေရန်၊ တက္ကသိုလ်ဘောလုံးသမားများ၏ အောင်မြင်သော သမိုင်းအစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်ရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကျင်းပလျက်ရှိသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။**

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာများနှင့် ကျောင်းသားများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း-၁ ၌ ပထမဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်) အသင်း(ခ)နှင့် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(က)တို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲတွင် နှစ်ဖက်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး မိနစ် ၉၀ အထိ တစ်ဖက်သုံးဂိုးစီ သရေကျသဖြင့် အချိန်ပိုဆက်လက်ကစားရာ တစ်ဖက် လေးဂိုးစီဖြင့် ထပ်မံသရေကျကာ ပယ်နယ်တီ အဆုံးအဖြတ်တွင် ကွန်ပျူတာတက္ကသိုလ်(အောက်မြန်မာပြည်) အသင်း(က)က ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်)အသင်း(ခ)ကို ငါးဂိုး – လေးဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း-၃ ၌ ဒုတိယဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) အသင်း(က)နှင့် နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(က)တို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)** ပွဲစဉ်မှာ ဆီမီးဖိုင်နယ်ပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မိနစ် ၉၀ ၌ တစ်ဖက်နှစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်စေရာ နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) အသင်း(က)က နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(က)ကို လေးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တာဝန်ရှိသူများသည် ကျောင်းသားအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာသမိုင်းအဖွဲ့ ပညာရှင်ဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဧပြီ ၅**

မြန်မာသမိုင်းအဖွဲ့ ပညာရှင်ဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၄ ရက်က ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာ ရိပ်သာလမ်းသွယ်ရှိ သမိုင်းသုတေသနဌာန (ရန်ကုန်) ပညာဆောင်၌ ကျင်းပသည်။**(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဖံနှင့် မြန်မာသမိုင်းအဖွဲ့ ပညာရှင်ဆရာကြီးများ၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဖံက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရှင်ဆရာကြီးများက ၎င်းတို့ပြုစုရေးသားသော စာအုပ်များ၏ အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းခြင်း၊ မျိုးဆက်သစ်များအတွက် မြန်မာသမိုင်းအဖွဲ့ ပညာရှင်များနှင့် ဌာနမှ ပညာရှင်များ ပူးပေါင်း၍ သုတေသနနည်းပညာ (Research Methotology) သင်တန်း၏ ကာလတိုသင်ခန်းစာပို့ချရန်အတွက် စီမံချက်ရေးဆွဲမှုကို ဆွေးနွေးခြင်း၊ နိုင်ငံရပ်ခြားတိုင်းပြည်များမှ သမိုင်းသုတေသန၏ စာကြည့်တိုက်နှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)တို့ Book Exchange အစီအစဉ်ဆောင်ရွက်ရာ၌ အဆင်ပြေစေရန် Diplomatic Channel ဖြင့် ဆောင်ရွက်၍ နိုင်ငံတကာနှင့် ဆက်သွယ်သွားမည့်နည်းလမ်းများကို ဆွေးနွေးခြင်းနှင့် မြန်မာသမိုင်းအဖွဲ့ ပညာရှင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အပြန်အလှန်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဌာနတွင်းရှိ ပညာရှင်ဆရာကြီးများ၏ အခန်း၊ Microfilm ထားသိုမှုအခြေအနေ၊ မော်ကွန်းအထောက်အထားများ ထားရှိသည့်အခန်း၊ စာကြည့်တိုက်နှင့် သုတေသနအခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲသို့ရောက်ရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း၊ အပျိုဆောင်/လူပျိုဆောင် အထွေထွေမွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း၊ မြေညီထပ်အစည်းအဝေးခန်းမ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ ရန်ကုန်ဌာနခွဲရှိ ခြောက်လက်မ အဝီစိတွင်းနှင့် Ground Tank ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရန်ကုန်ဌာနခွဲရှိ ထရန်စဖော်မာကို ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ ဒုတိယဝန်ကြီးသည် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၁ မှ*

ပြန်လည်စိစစ်၍ နဂိုထုတ်ပေးသည့်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးဆောင်ရွက်ပေးပြီး NV Card ထုတ်ပေးထားသူများကိုတော့ နောက်ပိုင်းတွင် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးဥပဒေနှင့်အညီ ဆက်လက်စိစစ် ဆောင်ရွက်ရန် စီစဉ်ထားပြီးလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံ၏ပထဝီအနေအထားအရ နိုင်ငံတကာမျက်စိကျစရာ မဟာဗျူဟာအချက်အချာကျသည့် နိုင်ငံဖြစ်နေသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဘက်ဘက်က အလေးထားသုံးသပ်ဆောင်ရွက်မှသာ တော်ကာကျမည်။ ဒို့တာဝန်အရေး (၃)သုံးပါးကို အပွန်းအပဲ့၊ အထိအခိုက်မခံနိုင်ပေ။ နိုင်ငံကြီးတချို့က မြန်မာနိုင်ငံတွင် ရှေးယခင်အစဉ်အဆက်ဘယ်တုန်းကမှ မရှိဖူးသော လူမျိုးတစ်မျိုးအမည်ကို ဖန်တီးပုံဖော်ကြသည်။ အင်္ဂလိပ်လက်အောက်ကိုလိုနီဖြစ်စဉ်ကလည်း မြန်မာနိုင်ငံတွင် လူဦးရေသန်းခေါင်စာရင်းကောက်ခဲ့သည်။ ရှေးမြန်မာမင်းများလက်ထက် ၁၈၇၂ ခုနှစ်မှစ၍ လွတ်လပ်ရေးမရမီအထိ ရှစ်ကြိမ်ကောက်ခဲ့သည်။ အဆိုပါလူမျိုးအမည် မတွေ့ရှိခဲ့။ လွတ်လပ်ရေးရပြီး ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်စသည်ဖြင့် (၃)ကြိမ်တိုင် လူဦးရေသန်းခေါင်စာရင်းကောက်ခဲ့သည်။ ၎င်းတို့ဖန်တီးပုံဖော်သည့် လူမျိုးအမည် မတွေ့၊ အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားပြီး နောက်ပိုင်းမှ ပေါ်ပေါက်လာသည့် လူမျိုးအမည်ကို အသိအမှတ်မပြု၊ လက်ခံစရာ အကြောင်းမရှိကြောင်းကို နိုင်ငံတော်အကြီးအကဲများက ကမ္ဘာသိ အတိအလင်းကြေညာပြီးပြီ။ သို့သော် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည်ကိုမလိုလားဘဲ ၎င်းတို့ဩဇာခံဖြစ်ရေးကိုသာ ရည်ရွယ်ချက်ရှိရှိ ကြိုးပမ်းနေသည့်နိုင်ငံကြီးတချို့နှင့် အပေါင်းအပါနိုင်ငံတချို့ကတော့ ယင်းကဲ့သို့ လုပ်ကြံဖန်တီးထားသည့်လူမျိုးအမည်ကို ထမင်းစားရေသောက် ထပ်တလဲလဲပုံဖော်နေကြ သည်။ လူ့အခွင့်အရေးကို အကြောင်းပြကောင်းတုန်း၊ လူသားချင်းစာနာထောက်ထားမှုဆိုပြီး ထဲထဲဝင်ဝင် လက်ဝါးကြီးအုပ်ခြယ်လှယ်ချင်တုန်းပင်။ **ဤသို့ ဆိုပါမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နိုင်ငံအသီးသီးသို့ ခေါ်ဆောင်သွားပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အလုံးအရင်းပေး၍ ၎င်းတို့ခေါ်ဆိုချင်သည့် လူမျိုးအမည်မှည့်ခေါ်ကာ ၎င်းတို့နိုင်ငံသားအဖြစ် ကယ်တင်ထားလိုက်လျှင် ပိုကောင်းပေမည်။ ထိထိရောက်ရောက် ကူညီကယ်တင်ပေးရာ ရောက်မည်ဟု ထင်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြန်လည်လက်ခံရေးမူ (၅)ချက်နှင့်အညီ စိစစ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းကာ အကောင်းဆုံးအဖြေရှာ၊ အဆင်ပြေစွာဆောင်ရွက်နေသကဲ့သို့ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်ဖွဲ့စည်းကာ ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဤသည်ကို မသိကျိုးကျွန်ပြု ပြည်ပမီဒီယာတချို့က စွပ်စွဲပြစ်တင် ရေးသားဖော်ပြနေကြသည်က မီဒီယာကျင့်ဝတ်နှင့်မညီ၊ တစ်ဖက်သတ်ဆန်လှသည်။ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသူများ၏အရေးသည် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းနှစ်နိုင်ငံ၏ အရေးကိစ္စသာဖြစ်သည်။

မြန်မာနိုင်ငံဘက်ကတော့ ဂုဏ်သိက္ခာရှိစွာ ပြန်လာမည့်သူများအတွက် အစစအဆင်သင့်ဖြစ်နေပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိတ်ရင်းအမှန်ဖြင့် အမှန်တကယ်ပြန်ပို့ပေးလိုသည့် စိတ်စေတနာရှိနေပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သည် အမြန်အကောင်အထည်ပေါ်လာမည် ဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနေဖြင့်လည်း နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုများဖြင့် ရပ်တည်ရှင်သန်နေကြပြီး ရေရှည်မဖြစ်နိုင်သည့်အတွက် ပြန်လာချင်ကြကြောင်းကိုလည်း ကြားသိနေရသည်။ သို့သော် အာဆာ၏ အကျပ်ကိုင်ခြိမ်းခြောက်မှုများကြောင့် မဝံ့မရဲဖြစ်နေသကဲ့သို့ သတင်းမှားများကြောင့်လည်း ပြန်လာရန်အတွက် စိုးရိမ်ပူပန်နေကြသည်။ ၎င်းတို့၏စိတ်ခံစားချက်၊ စိုးရိမ်ပူပန်မှုများကို မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင်ထားရှိမှု ပကတိအရှိတရား၊ အမှန်စကားများ အသိပေးရှင်းလင်းချပြခြင်းဖြင့် ဖျောက်ဖျက်ပစ်ရန်လိုအပ်သည်။ ၎င်းတို့ပြန်လာနိုင်ရေးအတွက်လည်း လုံခြုံစိတ်ချသောအစီအမံများ ဆောင်ရွက်ပေးရန်လည်းလိုသည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ဂုဏ်သိက္ခာရှိစွာ အမှန်တကယ်ပြန်လာစေလိုလျှင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံကြီးတချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အပြုသဘောဆောင်သည့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပေးကြရန်သာ ဖြစ်သည်။ သို့သော်လည်း အပြုသဘောမဆောင်သော သတင်းမှားများ ဖြန့်ဝေခြင်း၊ မမှန်မကန် လုပ်ကြံတိုက်တွန်းပြောဆိုခြင်းများကြောင့် **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံမှ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် ကမ်းသောလက်တွေ ညောင်းလှပါပြီ။** ။

# အမေရိကန်သမ္မတဟောင်း ထရမ့် စီးပွားရေးမှတ်တမ်းအတုပြုလုပ်မှု အမှု ၃၄ မှုနှင့် ရင်ဆိုင်နေရ

**နယူးယောက် ဧပြီ ၅**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို စီးပွားရေးမှတ်တမ်းအတုပြုလုပ်မှု အမှု ၃၄ မှုဖြင့် တရားစွဲဆိုထားသည်ဟု မင်ဟက်တန် ခရိုင်ရှေ့နေက ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ပြောသည်။

နယူးယောက်မြို့ မင်ဟတ်တန် ရာဇဝတ်မှုတရားရုံးတွင် အမှုဖွင့်ခံရသည့် ပထမဆုံး အမေရိကန် သမ္မတဟောင်းဖြစ်ပြီး ၎င်းတွင် အပြစ်မရှိကြောင်း ထွက်ဆိုထားသည်။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအပြီး ဥပဒေမဲ့လုပ်ရပ်များနှင့် အပျက်သဘောဆောင်သည့် သတင်းအချက်အလက်များကို မဲဆန္ဒရှင်များထံ ဖုံးကွယ်ရန်အတွက် စီးပွားရေးမှတ်တမ်းအတုများ ပြုလုပ်သည်ဟူသော စွဲချက်တင်ပြီးနောက် မန်ဟတ်တန် ခရိုင်ရှေ့နေ အယ်လ်ဗင်ဘရက်ဂ်က ယခုလို တရားစွဲဆိုမှုကို ကြေညာခဲ့ခြင်းဖြစ်သည်။



အမေရိကန် သမ္မတဟောင်း
ဒေါ်နယ်ထရမ့်

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ အပြာသရုပ်ဆောင် အမျိုးသမီးတစ်ဦးကို ဒေါ်နယ်ထရမ့်က ငွေပေးချေခဲ့မှု စွပ်စွဲချက်နှင့် ပတ်သက်၍လည်း အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်။ စုံစမ်းစစ်ဆေးမှုကို ဦးဆောင်နေသည့် အမျိုးသားမှာ ထရမ့်နှင့် ၎င်းအား ထောက်ခံသူများ၏ ဝေဖန်အပြစ်တင်မှုများနှင့် ရင်ဆိုင်နေရသည်။ ရာဇဝတ်မှုကို ပုံမှန်အတိုင်း လုပ်ဆောင်မည်မဟုတ်ဟု ခရိုင်ရှေ့နေ အယ်လ်ဗင် ဘရက်ဂ် က ပြောသည်။

တရားဥပဒေမှာ လူတိုင်းအတွက်သာ တူညီမျှတမှု ရှိစေရမည်ဟု ၎င်းကပြောသည်။ ထရမ့်သည် အမှုရင်ဆိုင်ရန်အတွက် ဖလော်ရီဒါရှိ နေအိမ်သို့ ပြန်လာခဲ့သည်။ ဒေါ်နယ်ထရမ့်သည် လာမည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာထားခဲ့ပြီးဖြစ်သည်။ ယခုနှစ်ဒီဇင်ဘာလတွင် အမှုကို ဆက်လက်ရင်ဆိုင်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

# ပြင်သစ်သမ္မတ မက်ခရွန် ပေကျင်းသို့ ရောက်ရှိ

**ပေကျင်း ဧပြီ ၅**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် ဧပြီ ၅ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းသို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း သိရသည်။ သမ္မတ မက်ခရွန်၏ တရုတ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်သည် ဧပြီ ၇ ရက်အထိ ကြာမြင့်မည်ဟု ဆိုသည်။

ခက်ခရွန်သည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်၏ မြို့တော် ကွမ်ကျိုးသို့လည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယူအေအီးဆိုင်ရာ အီရန်သံအမတ်ခန့်အပ်

**တီဟီရန် ဧပြီ ၅**

အီရန်နိုင်ငံအနေဖြင့် ယူအေအီးနိုင်ငံ၌ သံအမတ်ထားရှိခြင်းမရှိသည်မှာ ၈ နှစ်ကြာမြင့်ခဲ့ပြီး ယခုအခါ ယူအေအီးနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အီရန်နိုင်ငံ၏ နိုင်ငံပိုင် သတင်းအေဂျင်စီ အိုင်အာအင်န်အေတွင် ဧပြီ ၄ ရက်က ဖော်ပြထားသည်။

ယူအေအီးနိုင်ငံဆိုင်ရာ အီရန်သံအမတ်မှာ ရီဇာအာမီရီဖြစ်ပြီး ယခုကဲ့သို့ သံအမတ်အဖြစ် ခန့်အပ်ခြင်းမခံရမီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ပရေးရာကိစ္စရပ်များဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် အယ်လ်ဂျီးရီးယား၊ ဆူဒန်နှင့် အီရီထရီးယားနိုင်ငံတို့တွင်လည်း အီရန်သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဟု သိရသည်။

၂၀၁၆ ခုနှစ်တွင် ဆော်ဒီအာရေဗျက အီရန်နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ပြီးနောက် ယူအေအီးနိုင်ငံသည် အီရန်နှင့် ဆက်ဆံရေးကို အဆင့်လျှော့ချခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ယူအေအီးနိုင်ငံသည် ၎င်းတို့၏ သံအမတ်ကို အီရန်နိုင်ငံ၌ ပြန်လည်ထားရှိခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် တစ်ဦးသေဆုံး

**ကဘူးလ် ဧပြီ ၅**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း တာကာပြည်နယ် ဘန်ဂီခရိုင်၌ ဧပြီ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ တစ်ဦးသေဆုံးပြီး အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်နယ်သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ညွှန်ကြားရေးမှူး ကာရီ မိုဟီဘူလာ နစ်ခ်ဇတ်ဒ်က ဧပြီ ၅ ရက်တွင် ပြောသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုများကြောင့် အိုးအိမ်များ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မိုးသက်မုန်တိုင်းနှင့် ရုတ်တရက်ရေကြီးရေလျှံမှုက နယ်နိမိတ်ချင်းထိစပ်နေသည့် ချယ်လ်နှင့် အက်ရှ်ခမ် မစ်ရှ်ခရိုင်များရှိ အိုးအိမ်များစွာကိုလည်း ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

**ဆင်ဟွာ**

# စီးပွားရေးအကျပ်ကိုင်မှုကို တုံ့ပြန်ဆောင်ရွက်ရန် ဂျီ-၇ ကုန်သွယ်ရေးဝန်ကြီးများ သဘောတူ

**တိုကျို ဧပြီ ၅**

လာမည့်လတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲမတိုင်မီ စီးပွားရေးအကျပ်ကိုင်မှုကို ကိုင်တွယ်ဖြေရှင်းရန် ဂျီ-၇ ကုန်သွယ်ရေး ဝန်ကြီးများအနေဖြင့် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အဆိုပါဝန်ကြီးများသည် တရုတ်နှင့် အခြားသော နိုင်ငံများကို ရည်ရွယ်ပုံရပြီး နယ်စပ်ဖြတ်ကျော် စီးပွားရေး လှုပ်ရှားမှုကို ကန့်သတ်ရေး ကြိုးပမ်းအားထုတ်မှုများအား တုံ့ပြန်ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး နိရှိမူရာ ယာဆူတိုရှီနှင့် နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှီမာဆာတို့ အပါအဝင် တာဝန်ရှိသူများသည် ဧပြီ ၄ ရက်က ပြုလုပ်သော အွန်လိုင်းအစည်းအဝေးကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဂျီ-၇ အဖွဲ့၏ ပူးတွဲကြေညာချက်တွင် ကုန်သွယ်ရေး ကန့်သတ်ချက်များနှင့်အခြားသော အကျပ်ကိုင် လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး အလွန်အမင်း စိုးရိမ်ကြောင်း ဖော်ပြထားသည်။ ထိုကဲ့သို့ လုပ်ဆောင်ချက်က စီးပွားရေးဘေးကင်းလုံခြုံမှု၊ လွတ်လပ်မှု၊ မျှတမှုနှင့် နိုင်ငံတကာ စည်းမျဉ်း စည်းကမ်းအခြေခံမှုများကို ထိခိုက်စေနိုင်ကြောင်းလည်း ဖော်ပြထားသည်။



ဂျပန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး
နိရှိမူရာ ယာဆူတိုရှီ

ထိုကဲ့သို့ အစီအမံများကို ဟန့်တားနိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားရေးအတွက်လည်း ဂျီ-၇ ဝန်ကြီးများက သဘောတူခဲ့ကြသည်။ ဂျီ-၇ ထိပ်သီးအစည်းအဝေးကို မေ ၁၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်မြောက်ပိုင်း၌ ကလေးငယ်များကြား ရေကျောက်ရောဂါဖြစ်ပွားမှု တိုးလာ

**ဟန္နိုင်း ဧပြီ ၅**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းပြည်နယ်များ၌ ရေကျောက်ရောဂါဖြစ်ပွားမှု အထူးသဖြင့် ကလေးငယ်များတွင် ကူးစက်ဖြစ်ပွားမှုနှုန်းတိုးလာကြောင်း ဗီယက်နမ်နယူးစ်၏ ဧပြီ ၅ ရက် ဖော်ပြချက်အရ သိရသည်။

ဟန္နိုင်းမြို့တော် အာဏာပိုင်များက ယခုနှစ်တွင် လက်ရှိအချိန်အထိ ခရိုင် ၃၀ အနက်




ရေကျောက်ဖြစ်ပွားနေသည့် လူနာတစ်ဦး ကုသမှုခံယူစဉ်။

၁၈ ခုတွင် ရေကျောက်ရောဂါ ကူးစက်ခံရသူ ၅၄၈ ဦးရှိကြောင်း ပြောသည်။ အဆိုပါ ရေကျောက်ရောဂါသည် ကလေးငယ်များကြား အလွန်ကူးစက် ပျံ့နှံ့လျက်ရှိကြောင်း၊ ကူးစက်ခံရသူများ၏ ၃၆ ရာခိုင်နှုန်းမှာ မူကြိုကလေးငယ်အရွယ်များ ဖြစ်ကြောင်း သိရသည်။

ဟန္နိုင်းမြို့၏အနောက်မြောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာက တောင်တန်းဒေသပြည်နယ်ဖြစ်သည့် လောင်ချိုင်ပြည်နယ်၌ ယခုနှစ်အစပိုင်းမှ စတင်ကာ ရေကျောက်ရောဂါကူးစက်ခံရသူ ၄၀၀ နီးပါးရှိသည်ဟု ဆိုသည်။ မကြာသေးမီက ဘက်စ်ခန်းပြည်နယ်ရှိ မူလတန်းကျောင်းတစ်ခု၌ ရေကျောက်ရောဂါဖြစ်ပွားသူ ၃၀ ရှိကြောင်း သိရသည်။

ဆိုးရွားသော နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပွားနိုင်သည့်အတွက် ၎င်းတို့၏ ကလေးငယ်များကို အိမ်တွင် မကုသသင့်ကြောင်း မိဘများအနေဖြင့် သတိထားသင့်သည်ဟု ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။

**ဆင်ဟွာ**

# ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း ပြည်ပ ခရီးသွားဝင်ရောက်မှု တိုးတက်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း အလျင်အမြန် ပြန်လည် တိုးတက်လာစေရေး မဟာဗျူဟာ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**လိုအပ်သည်များပံ့ပိုးပေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း လုပ်ဆောင်လည်ပတ်ရေးကို ပုဂ္ဂလိကကဏ္ဍမှ အဓိကဆောင်ရွက်သော်လည်း ဝန်ကြီးဌာနများက ထိန်းကျောင်းပေးရသည့်အတွက် လုပ်ငန်းဆောင်တာများ မြန်ဆန်လွယ်ကူစေရန် လိုအပ်သည်များ ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ ပံ့ပိုးပေးရာတွင်လည်း ရှိနှင့်ပြီးသော ဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွား ဧည့်သည်များ ဝင်ရောက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော လုပ်ငန်းများ အနေဖြင့် ဝင်ငွေရရှိကြသည့်အတွက် ပိုမိုဝင်ရောက်လာရေး ဆွဲဆောင်ကြရမည်ဖြစ်ပါကြောင်း။

ခရီးသွား ဧည့်သည်များ လွယ်ကူချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် ကျန်းမာရေးကိစ္စ၊ ဗီဇာကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စ၊ ငွေကြေးသုံးစွဲမှုကိစ္စနှင့် ဆက်စပ်လုပ်ငန်းစဉ်များ၌ အဆင်ပြေစေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွားများ များများလည်ပတ်ကြရေး၊ ပြည်ပ ခရီးသွားဝင်ရောက်မှု တိုးတက်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိသဖြင့် အားလုံးဝိုင်းဝန်း ကူညီပေးကြစေလိုပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အခြားကဏ္ဍများနှင့် ဆက်စပ်နေသည့်အတွက် ယနေ့ တက်ရောက်လာသော ဝန်ကြီးဌာနများက မြန်မာ့ခရီးသွားလုပ်ငန်း အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က မဟာဗျူဟာလုပ်ငန်းစီမံချက်(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ခရီးသွားသတင်းအချက်အလက်များ မြှင့်တင်ကြော်ငြာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြည်ဝင်ခွင့်ဗီဇာများ ခွင့်ပြုပေးနေမှု၊ SME လုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနေမှု၊ ကုန်စည်ပြပွဲများကျင်းပပေးနေမှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်လာရေးအတွက်ဖြေလျှော့ပေးနေမှု၊ ငွေကြေးသုံးစွဲမှု၊ ဘာသာစကား သင်တန်းများ သင်ကြားပို့ချပေးနေမှု စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Road To A Star သရုပ်ဆောင်အနုပညာသင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မေ ၃

**Road To A Star သရုပ်ဆောင်အနုပညာသင်တန်း ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ကျင်းပရာ ဦးစွာ မြဝတီမီဒီယာစင်တာ အထွေထွေမန်နေဂျာ ဦးထွန်းထွန်းက မိတ်ဆက်စကားပြောကြားသည်။**



ထို့နောက် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်း နည်းပြများနှင့် သင်တန်းသား အရည်အချင်း သတ်မှတ်ချက်ကို လည်းကောင်း၊ အကယ်ဒမီ စိုးမြတ်သူဇာက သင်တန်းကာလ၊ သင်တန်းကြေးနှင့် သင်တန်းသားဦးရေ သတ်မှတ်ခြင်းနှင့် လေ့ကျင့်သင်ကြားပို့ချမည့် နည်းစနစ်ပုံစံများကို လည်းကောင်း၊ အကယ်ဒမီ ရဲအောင်က သင်တန်းပို့ချမည့် ဘာသာရပ်များကို လည်းကောင်း၊ အကယ်ဒမီ မေသဥ္ဇာဦးက သင်တန်းပြီးဆုံးချိန် အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များကိုလည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ Road To A Star TVC ကို ဖွင့်လှစ်ပြသပြီး တက်ရောက်လာကြသည့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများက ပြန်လည်ဖြေကြားကြကာ အထွေထွေမန်နေဂျာက ကျေးဇူးတင်စကား ပြောကြားသည်။

**စာတွေ့၊ လက်တွေ့ သင်ကြားပေး**

မြဝတီမီဒီယာစင်တာသည် ဘက်စုံမီဒီယာ စွမ်းဆောင်ရည်ရှိသော ခေတ်မီအဆင့်မြင့်ရိုက်ကူးရေးစက်ကိရိယာများဖြင့် တည်ဆောက်ထားသည့် Studio များ၊ သင်ကြားရေးခန်းမများ အဆင်သင့်ရှိနေပြီး ၂၀၂၀ ပြည့်နှစ် မတ်လခန့်မှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် အရှိန်အဟုန် လျော့နည်းခဲ့ရသည့် အနုပညာလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေကာ အနာဂတ်အတွက် အနုပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန်၊ ကျွမ်းကျင်ထူးချွန်သော အနုပညာရှင်ကောင်းများ ပေါ်ပေါက်လာစေရန်၊ အခြေခံမှစ၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး သင်တန်းကို မေ ၂၃ ရက်မှစ၍ သင်တန်းသားဦးရေ ၅၀ ဖြင့် အဆင့်သုံးဆင့်ခွဲကာ သင်တန်းကာလ ၁၀ လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် ပင်တိုင်နည်းပြများအဖြစ် ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း၊ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ မေသဥ္ဇာဦးနှင့် ပြင်ပနည်းပြများအဖြစ် ဒါရိုက်တာအကယ်ဒမီ ဇင်ယော်မောင်မောင်၊ အကယ်ဒမီ ကိုကိုလေး (ဇာတ်ညွှန်းပညာ)၊ ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်)တို့အပြင် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များက ပူးပေါင်းကူညီ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## မိုးမောက်မြို့နယ်၌ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ် ရိုးရာဆုတောင်းပွဲကျင်းပ

**မိုးမောက် မေ ၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျရီ - ဒင်္ဂါကျေးရွာ ကျေးရွာအဝင် လမ်းပေါ်တွင် ပေ ၄၀ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးသည့် အထိမ်းအမှတ်အဖြစ် ဒေသခံတိုင်းရင်းသားများ၏ ကချင်ရိုးရာဓလေ့ ဆုတောင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေကျပ် ၈၀ ဒသမ ၁၂၅ သန်းဖြင့် အဆိုပါ တံတားကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းတံတားကို မနော‌မြေချိုသီရိကုမ္ပဏီက တင်ဒါအောင်မြင်တည်ဆောက်ခဲ့ပြီး ကျရီ-ဒင်္ဂါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာ၊ အိမ်ထောင်စု ၂၈၂ စုတို့အတွက် အကျိုးပြုမည်ဖြစ်ကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အဓိက ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ အုပ်စု (ခ) မှာမူ အုပ်စု (က) ထက် ပိုကျပ်နေပြီး လက်ရှိချန်ပီယံ ဗီယက်နမ်၊ နာမည်ကြီးထိုင်းနှင့် မလေးရှား အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်ရန် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ဆုတံဆိပ်များ ဆွတ်ခူးရယူထား**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်အများဆုံးရရှိထားပြီး ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ငါးခု ရယူထားနိုင်သည်။ ထိုင်းအသင်းနောက်တွင် မလေးရှားအသင်းက ရွှေခြောက်ခု၊ ငွေ ခြောက်ခု၊ ကြေး ခုနစ်ခု၊ မြန်မာအသင်းက ရွှေငါးခု၊ ငွေလေးခု၊ ကြေးငါးခု ရရှိထားသည်။

**ရဲရင့်လွင်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း အဘိဝိနယာစရိယ စာတမ်းဖတ်ပွဲကျင်းပ



**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း၏ ပထမအကြိမ်မြောက် အဘိဝိနယာစရိယ စာတမ်းဖတ်ပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း) ၌ ဧပြီ ၂ ရက်က ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း၏ ပဓာနဦးဆောင်ဆရာတော် ရန်ကင်းတောရဆရာတော်က ဩဝါဒစကား မိန့်ကြားသည်။

ထို့နောက် စာတမ်းရှင် အရှင်စန္ဒိမာ(မြို့တော်ဝန်ကျောင်းတိုက်)က "ဓမ္မဝိနယသာသနာတော်နှင့် ကျောင်းတိုက်အဖွဲ့အစည်း စီမံခန့်ခွဲမှုဆိုင်ရာကို လေ့လာသုံးသပ်ခြင်း" စာတမ်းကိုလည်းကောင်း၊ အရှင်ဝိမလာ နန္ဒာလင်္ကာရ (မဟာဝိဟာရကျောင်းတိုက်၊ မော်ဘီ) က "သေခိယကိုလေ့လာသုံးသပ်ခြင်း" စာတမ်းကိုလည်းကောင်း၊ အရှင်ပဏ္ဍိတာလင်္ကာရ (မဟာဝိဟာရကျောင်းတိုက်၊ မော်ဘီ)က "ဝိနည်းကံဆိုင်ရာ ဆန္ဒပေးမှုကိုလေ့လာချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားလျှောက်ထားတော်မူကြရာ သဘာပတိဆရာတော်နှင့် စာစစ်သံဃာတော် အရှင်မြတ်များက အမှတ်ပေး စည်းမျဉ်းအတိုင်း ဆောင်ရွက်တော်မူကြသည်။

**ကိုပေါက် (ဥက္ကာမြေ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၉၀ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၂၈၁၀ |
| 95 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၂ | ၂၂၁၉ |
| 95 Ron | ၂၁၉၂ | ၂၂၆၉ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၉၇ | ၂၁၆၉ |
| HSD (10 ppm) | ၂၀၉၇ | ၂၁၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်းရှိ

**(၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၉၃,၉၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၄-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၈၅,၁၆၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၇,၆၄၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၄-၄-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၈၅,၁၆၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၇,၆၄၉ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာ ရေး ဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ "ဂုဏဝိသိဋ္ဌပူဇာ" မင်္ဂလာကျင်းပ

နေပြည်တော် ဧပြီ ၅

၂၀၂၃ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ "ဂုဏဝိသိဋ္ဌပူဇာ" မင်္ဂလာကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သာသနဝ္ဇဗိမာန်တော်ကြီး၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် သမ္ဗောဒနီယကထာတော်နှင့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါးနှင့် သံဃာတော်များအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသ ထံမှ အနုမောဒနာတရားနာယူကြကာ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အသိပညာဗဟုသုတများ တိုးပွားရရှိသဖြင့် တိုင်းပြည်နှင့် အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသည့်စိတ်များ ပိုမိုခိုင်မြဲလာမည်

နေပြည်တော် ဧပြီ ၅

နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိဝန်ထမ်းများ၏ သား၊ သမီးများမှ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်ပေးခဲ့သည့် နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)မှ သင်တန်း နည်းပြများနှင့် တာဝန်ရှိသူများ၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ(မြို့တော်ဝန်)ကျောင်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ သား၊ သမီးများမှ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများသည် ယခုသင်တန်းတက်ရောက်ရခြင်းဖြင့် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အသိပညာဗဟုသုတများ တိုးပွားရရှိသဖြင့် မိမိတိုင်းပြည်နှင့် အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသည့်စိတ်များ ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် အမျိုးဘာသာ၊ သာသနာကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် အခြားသောပုဂ္ဂိုလ်များကိုလည်း မိမိကဲ့သို့ အမျိုးဘာသာ၊ သာသနာချစ်မြတ်နိုးစိတ်များ တိုးပွားလာစေရန် ဆွဲဆောင်စည်းရုံးနိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်လာစေရေး ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်က သင်တန်းနည်းပြဆရာ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ယဉ်ကျေးလိမ္မာသင်တန်းဆင်း ကျောင်းသားကျောင်းသူများအတွက် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ရှင်းလင်းဆွေးနွေး

မန္တလေး ဧပြီ ၅

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ဧပြီ ၃ ရက်က ကျင်းပသည်။**



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လွင်က မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ လွှဲပြောင်းပေးအပ်လာသည့် ရစ်ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အဆိုပါငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန်၊ ပိုလျှံပါက အခြားစီးပွားရေး (ကုန်ထုတ်လုပ်မှု) လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယမန်နှစ်က စတင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီး၊ပြည်နယ် ရစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက် အတွေ့အကြုံများကို ရယူကာ Standard Operating Procedure (SOP) ကို ရေးဆွဲအတည်ပြု၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ယနေ့ရှင်းလင်းသည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် များစွာ အထောက်အကူ ဖြစ်ကြောင်းနှင့် မတည်ထောက်ပံ့ငွေမှ သုံးစွဲမှု၊ ပြန်လည်ရရှိမှု အကျိုးကျေးဇူးများကိုလည်း အမြဲသုံးသပ် ဆောင်ရွက်သွားကြရမည်တို့ကို ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍လည်းကောင်း၊ SOP ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြ အကြံပြုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်မှ ခွဲဝေပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရစ်ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အဓိကရည်မှန်း ဦးတည်ချက်များကို အောင်မြင်အောင်နှင့် အကျိုးရှိရှိ ထိထိရောက်ရောက် ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ် ရင်းနှီးမြှုပ်နှံသူများ လက်သို့ ရောက်ရှိစေရေး စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုရန်ပုံငွေမှာ အများပြည်သူနှင့် သက်ဆိုင်သည့် ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည့်အတွက် သုံးစွဲသည့်နေရာတွင် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လွှင့်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် ဧပြီ ၅

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်(Family Quiz) ပွဲစဉ်(၁၁၂)ကို ဧပြီ ၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ သန့်ဇော်ထွန်းနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လွှင့်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဧပြီ ၇၊ ၈ နှင့် ၉ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးဈေး၊ ဆန်ဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူနှင့် ရွှေဘိုခရိုင်တို့အနက် ရွှေဘိုခရိုင်၊ ရေဦးခရိုင်နှင့် ကသာခရိုင်တို့တွင် စပါး/ဆန်ဈေး အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧပြီလ (ပထမ) ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၅၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၅၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ရောမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ များဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ဧည့်မထ (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ ဧည့်မထ (ဆန်) (သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၀၀၀၀၊ ငစိန်(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ ငစိန် (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်တွင် မော်ဘီ(၂) (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ မော်ဘီ (၂) (သစ်) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ဆင်းကေရီ (၃) (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ ဆင်းကေရီ-၃(သစ်) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာမြို့တွင် ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ မနောသုခ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ မနောသုခ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူမြို့တွင် ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သတင်းရရှိသည်။

**DOCA(စစ်ကိုင်း)**

## MCCIA’s Pune Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

အိန္ဒိယနိုင်ငံ ပူနေးမြို့တွင် မဟာရတ်တာ လယ်ယာ၊ စက်မှုလက်မှုနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်း (Maharatta Chamber of Commerce, Industries and Agriculture – MCCIA) က ဦးစီး၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ MCCIA’s Pune Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲတွင် အဆင့်မြင့်နည်းပညာများ၊ ထုတ်ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်၊ စက်မှုပညာ၊ လျှပ်စစ်ပစ္စည်း၊ လျှပ်စစ်ကားများ၊ စက်ယန္တရားများနှင့် အပိုပစ္စည်းများ၊ နည်းပညာဆိုင်ရာအသုံးပြုနည်းများ၊ သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုအသစ်များအား မိတ်ဆက်ပြသခြင်းများနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## ၅.၄.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၂၉၅၂၀၀၀ |
| ၂ | လားရှိုး | ၂၃၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၀၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၄၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၀၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၅၀၀ | ၂၉၁၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၆၉၀၀ | ၂၁၀၀၀ | ၁၇၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၃၃၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၉၃၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၈၆၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၉၄၂၀၀၀ |
| ၆ | ဘားအံ | ၂၃၀၀ | | ၁၀၅၀၀ | ၇၀၀၀ | ၁၃၅၀၀ | ၁၇၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၂၀၀ | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၃၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၆၈၀၀ | ၁၅၅၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၅၀၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၇၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၇၀၀ | ၆၀၀ | ၆၄၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၉၆၀၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၆၀၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၇၀၀ | ၆၂၀၀ | ၅၀၀၀ | ၃၈၀၀ | ၃၁၀၀ | ၇၅၀ | ၇၅၀၀ | ၅၅၀၀ | ၄၆၀၀ | ၂၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၄၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၄၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၃၅၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၁၅၀၀ | ၁၃၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၇၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၁၇၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | | ၂၉၄၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၅၀၀ | ၆၉၀၀ | ၁၉၀၀၀ | ၁၃၀၀ | ၅၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၇၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၆၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၄၅၀ | ၁၆၀၀ | ၁၂၅၀၀ | ၆၉၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၁၂၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၅၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၁၉၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၆၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၆၀၀၀၀ |
| ၁၈ | ပြည် | ၂၃၀၀ | | ၁၃၀၀၀ | ၆၉၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၉၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၈၀၀ | | ၂၂၀၀ | ၆၀၀ | ၆၅၀၀ | ၅၃၀၀ | ၃၅၀၀ | ၂၁၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၄၀၀၀ | ၁၂၀၀ | ၄၄၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၅၀၀ | ၇၂၀၀ | ၅၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၄၃၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၁၃၀၀ | ၄၆၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၉၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၄၃၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၆၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၃၀၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် စစ်တွေတွင် ကျပ် ၁၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် လွိုင်ကော်တွင် ကျပ် ၃၀၀၊ ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာ၊ မန္တလေးနှင့် ပြည်တွင် ကျပ် ၁၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မုံရွာတွင် ကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ)တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၃၀၀၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၄၀၀၊ စစ်တွေတွင် ကျပ် ၃၀၀၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားတွင် ကျပ် ၂၀၀၀၊ နေပြည်တော်တွင် ကျပ် ၁၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၂၀၀၀၊ အမဲသားတစ်ပိဿာလျှင် စစ်တွေတွင် ကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ကျပ် ၁၅၀၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၂၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၂၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၅၀၀၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၁၀၀၊ မြေပဲ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ကျပ် ၅၀၀၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ကျပ် ၃၀၀ ဈေးကျခဲ့ပါသည်။

# ဇင်းကျိုက်ဘူတာမှ ပုဇွန်တောင်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် ဧပြီ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် နိုင်ငံတစ်ဝန်း ပြည်သူ အများ၏ ခရီးသွားလာမှု၊ ကုန်စည် ပို့ဆောင်မှုများ အဆင်ပြေစေ ရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှ တင်သွင်းလာ သည့် ကုန်ပစ္စည်းများ အဆင်ပြေ ချောမွေ့စွာ စီးဆင်းနိုင်ရေး စသည့် ရည်မှန်းချက်တာဝန်များ ချမှတ်၍ ရထားကွန်ရက်ကြီး တစ်ခုလုံးတွင် အမြန်လူစီးရထား ခရီးစဉ် ၁၈ စင်း၊ စာပို့ရထားခရီးစဉ် ၁၂ စင်း၊ လူစီးကုန်တင် ရထား ခရီးစဉ် ရှစ်စင်းတို့နှင့် ရန်ကုန် မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ခရီးစဉ် အစင်း ၃၀ စုစုပေါင်း ရထားခရီးစဉ် ၆၈ စင်းတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ် စီစဉ်ပြေးဆွဲလျက် ရှိသကဲ့သို့ ရထားလမ်းပိုင်းများ ကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာ ရထား ခရီးစဉ်များဖြင့်လည်း သယ်ယူ ပို့ဆောင်ပေးလျက်ရှိ သည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာမှ ဌာန၏ လမ်းခင်းကျောက်များ သယ်ယူ၍ ဧပြီ ၄ ရက် နံနက်ပိုင်း တွင် ဇင်းကျိုက်မှ ထွက်ခွာလာ သည့် ရထားအမှတ်(၆၈၄)အစုန် ကျောက်ရထားသည် သထုံ မြို့နယ် ရင်းငြိမ်ဘူတာနှင့် သထုံဘူတာအကြား မိုင်တိုင် အမှတ်၊ ၁၃၉/၂-၁ သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဖြတ်သန်း စဉ် PDF အမည်ခံ အကြမ်းဖက် သမားများက ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့ရာ မိုင်းပေါက်ကွဲ မှုကြောင့် စက်ခေါင်းရှေ့ မိုင်းကာ တွဲ WBXHV 14375 ၏ အောက်တည့်တည့်မှ ပေါက်ကွဲမှု ဖြစ်ပွား၍ အရှေ့ဘက်သံလမ်း တစ်ပေခွဲခန့် ပြတ်ထွက်ခဲ့ပြီး အနောက်ဘက်သံလမ်း တစ်ပေခွဲ ခန့် ဗိုက်သားကွဲ၊ ကွန်ကရစ် ဇလီဖားတစ်တုံး ပျက်စီးခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။

အကြမ်းဖက်သမားများသည် သံလမ်းနှစ်ဖက်စလုံး ပြတ်ထွက်၍ ရထားတိမ်းမှောက်ပြီး ပျက်စီး ဆုံးရှုံးမှုများ ကြုံတွေ့စေရန် ရည်ရွယ်ချက်ဖြင့် မိုင်းထောင်ခဲ့ ခြင်းဖြစ်သော်လည်း အရှေ့ဘက် သံလမ်းတစ်ဖက်သာ တစ်ပေခွဲခန့် ပြတ်ထွက်ပြီး အခြားတစ်ဖက်မှာ သံလမ်းဗိုက်သား ကွဲမှုသာဖြစ်ပေါ် ခဲ့သဖြင့် ရထားထိခိုက်ပျက်စီးမှု မရှိဘဲ ဆက်လက်ထွက်ခွာနိုင်ခဲ့ ခြင်းဖြစ်သည်။ အဆိုပါ ကျောက် ရထားမှာ သထုံဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၁၈ မိနစ်တွင် ရောက်ရှိ ခဲ့ပြီး ရထားလမ်း အနည်းငယ် ပျက်စီးမှုကိုလည်း လမ်းပိုင်း ပြုပြင်မှုများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှစ၍ ရထားများ ပုံမှန်ပြန်လည် ပြေးဆွဲ ပေးနေပြီဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက် သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခု အချိန်အထိ မြန်မာ့မီးရထား ၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများအား ရည်ရွယ်ချက် ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု (၆) ကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု (၄)ကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/



မိုင်းပေါက်ကွဲ၍ ရထားသံလမ်း ထိခိုက်ပျက်စီးမှု။

တွေ့ရှိမှု (၆)ကြိမ် စုစုပေါင်း (၁၆)ကြိမ်နှင့် ဘူတာ/ဝန်ထမ်း နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁)ကြိမ်တို့ကို ကျူးလွန်ခဲ့ကြောင်း နှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှစ၍ ယခုအချိန်ထိ မြန်မာ့ မီးရထားလမ်း ကွန်ရက်တစ်ခုလုံး တွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း အကြိမ်(၁၁၀)၊ ရထားတံတားများအား မိုင်းခွဲ ဖျက်ဆီးခြင်း (၃၇)ကြိမ်၊ ဘူတာ များအား မီးရှို့ဖျက်ဆီးခြင်း (၁၁)ကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီး ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည် ပို့ဆောင်မှု အဆင်ပြေချောမွေ့ စေရေးအတွက် အဓိကအားထား နေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထား များ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေ ရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေးအတွက် သာမက ပြည်သူလူထုအတွက် ရထားလမ်း စနစ် ပိုမိုကြံ့ခိုင်တောင့်တင်းလာ အောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင် လမ်းခင်းကျောက် သယ်ဆောင်သည့် ရထားခရီးစဉ် များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှု ကျူးလွန်နေကြသည့် PDF အမည်ခံ အကြမ်းဖက်သမား များအား ဒေသခံပြည်သူတစ်ရပ် လုံးမှ စက်ဆုပ်ရွံရှာပြီး ပြင်းထန် စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချ လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **သတင်းစဉ်**

## NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးပစ်ချတိုက်ခိုက်မှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကို အခြေခံ၍ မျှတစွာ ခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထို့သို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၄-၄-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ သာယာကုန်းကျေးရွာရှိ ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးများပစ်ချတိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်း (၂) ဦးထိခိုက်ဒဏ်ရာရရှိပြီး၊ (၁) ဦးသေဆုံးကာ၊ ဓာတ်အားခွဲရုံအတွင်းရှိ ရဲနွယ်၊ ရွှေကျင်၊ ကွန်းကျောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် ဓာတ်အား (၅၅) မဂ္ဂါဝပ်ကို ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိသည့် ထရန်စဖော်မာများနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့မှုကြောင့် နိုင်ငံတော်ဓာတ်အားစနစ်တစ်ခုလုံး (၂၁:၁၉) နာရီချိန်




၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ ထရန်စဖော်မာ ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၃၃/၀.၄ ကေဗွီ, ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာနှင့် ဓာတ်အား ထိန်းချုပ်ကြိုးများ ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီသာယာကုန်းပင်မဓာတ်အားခွဲရုံတွင် ကျရောက်ပေါက်ကွဲသော ဗုံးများ မှတ်တမ်းဓာတ်ပုံ။

ခန့်တွင် ဓာတ်အားပြတ်တောက်ခဲ့ရပြီး ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆုံးဆောင်ရွက်ခဲ့ရာ ၅-၄-၂၀၂၃ ရက်၊ (၀၀:၄၉) နာရီတွင် ဓာတ်အားစနစ်သို့ ဓာတ်အားပုံမှန်ပြန်လည် ပို့လွှတ်ချိတ်ဆက်နိုင်ခဲ့ပါသည်။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ် ပေါင်း(၂၂၉)ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား Royal Apex မှ ကြီးမှူး၍ ဝင်ကြေးအခမဲ့ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သင်္ကြန်ပွဲတော်ရက်များအတွင်း နေ့စဉ် နံနက် (၉) နာရီမှ ည (၁၀) နာရီအထိ ရေပက်မဏ္ဍပ်များတွင် ရေကစားခြင်းများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် လမ်းလျှောက်သင်္ကြန် ပြုလုပ်၍ သင်္ကြန်မုန့်မျိုးစုံ၊ အအေး၊ အသီးဖျော်ရည်များ စတုဒိသာကျွေးမွေးမှုအစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အများပြည်သူများ လာရောက်ဆင်နွှဲနိုင်ပါရန် အသိပေးနှိုးဆော် ဖိတ်ခေါ် အပ်ပါသည်။

Royal Apex


## "ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း" အတွက် အသိပေးကြေညာချက်

၁။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် အမိန့်အမှတ် (၆၃/၂၀၂၀) အရ ဒုတိယအဆင့် ဖွင့်လှစ်မည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့် နေရာများတွင် လာရောက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူများ လျင်မြန်လွယ်ကူစွာနှင့် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ မူပိုင်ခွင့်ဦးစီးဌာန Website ၏ (www.ipd.gov.mm) အီလက်ထရွန်နစ်ဝန်ဆောင်မှုများ (e-Services) ကဏ္ဍအောက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ရက်ချိန်းရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ထားရှိပါသည်။ ရက်ချိန်းရယူနိုင်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်း လုပ်ဆောင်ရမည် ဖြစ်ပါသည်-

(က) မူပိုင်ခွင့်ဦးစီးဌာန၊ Website (www.ipd.gov.mm) ၏ မူလစာမျက်နှာ (Home Page) ရှိ အီလက်ထရွန်နစ်ဝန်ဆောင်မှုများ (e-Services) သို့ ဝင်ရောက်ပါ၊

( ခ ) လျှောက်လွှာလက်ခံမည့် ရုံးနေရာကို ရွေးချယ်ပါ၊ (နေပြည်တော်၊ ရန်ကုန်)

( ဂ ) လာရောက်လျှောက်ထားလိုသည့် နေ့ရက်ကို ရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ၊

(ဃ) လာရောက်လျှောက်ထားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို ဖြည့်စွက်ပါ၊

( င ) အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Button ကိုနှိပ်၍ ရက်ချိန်း ရယူနိုင်ပြီဖြစ်ပါသည်။

( စ ) ရက်ချိန်းရယူသူ၏ အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် deptip.infotech@ ipd.gov. mm မှ ရက်ချိန်း ရယူခြင်းကို လက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည် ဖြစ်ပါသည်။

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူသည့်စနစ်နှင့် စပ်လျဉ်း၍ မေးမြန်းလိုပါက အောက်ဖော်ပြပါ Help desk များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | |
|---|---|
| နေပြည်တော် | ရုံးအမှတ် (၅၂)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၀၅၉၄ |
| ရန်ကုန်ရုံးခွဲ | အမှတ် (၂၂၈) / ၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၈၃၈၀၂၆၅ |
| မန္တလေးရုံးခွဲ | ၃၅ လမ်းနှင့် ၆၃x၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ |
| မှတ်ချက်။ | ။အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) အား ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့မှ စတင်ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ |

(မူပိုင်ခွင့်ဦးစီးဌာန)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၂၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၅၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၅၅ ကျပ် | ၂၂၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၃၅ ကျပ် | ၂၂၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၉၆၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၇ . ၃၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၄၆၆ | ၁၃၆၀၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၆၆ | ၉၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၅ | ၃၉၇၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q)သင်တန်း ဝင်ခွင့်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q)သင်တန်းအပတ်စဉ်(၄)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

(က) သင်တန်းအမည် - မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q) သင်တန်း

(ခ) သင်တန်းကာလ - ပညာသင်နှစ်(၁)နှစ် သတ်မှတ်ပါသည်။

(ဂ) လိုအပ်သည့် ပညာအရည်အချင်း - ပညာရေးဘွဲ့(B.Ed)ဘွဲ့ရရှိရပါမည်။ အရည်အချင်းစစ် ရေးဖြေနှင့်နှုတ်ဖြေ စာမေးပွဲကို အောင်မြင်သူဖြစ်ရမည်။

(ဃ) အသက် - အသက် အကန့်အသတ်မရှိပါ။

(င) လုပ်သက် - ဆရာအတတ်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး သင်တန်းစတင်ဖွင့်လှစ်သည့်နေ့၌ လုပ်သက်(၅)နှစ်ပြည့်သူ ပညာရေးဘွဲ့ရ ဆရာ၊ဆရာမဝန်ထမ်းများ ဖြစ်ရမည်။

(စ) ရွေးချယ်ရမည့် အထူးပြုဘာသာရပ် - ပညာရေးစိတ်ပညာ(သို့မဟုတ်) ပညာရေးသဘောတရား (သို့မဟုတ်) သင်ပြနည်း (သို့မဟုတ်) ကာယပညာ ဘာသာရပ်တစ်ခုကိုသာ ရွေးချယ်လျှောက်ထားရမည်။ (တစ်ခုထက်ပိုလျှောက်ပါက လုံးဝစဉ်းစားမည်မဟုတ်ပါ)။

(ဆ) ဝင်ခွင့်စာမေးပွဲ - သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ် မေးခွန်းလွှာတစ်ခု (၂)နာရီမေးခွန်းဖြေဆိုရမည်။

(ဇ) လျှောက်လွှာစတင် လက်ခံမည့်ရက် - ၆ - ၄ -၂၀၂၃( ကြာသပတေးနေ့)

(ဈ) လျှောက်လွှာပိတ်မည့်ရက် - ၂၈ - ၄- ၂၀၂၃ (သောကြာနေ့)

(ည) လျှောက်လွှာ လက်ခံမည့်နေရာ - သင်တန်းရေးရာဌာန၊ စစ်ကိုင်းပညာရေး တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

(ဋ) ဝင်ခွင့်စာမေးပွဲ ကျင်းပမည့်ရက် - ၄ - ၅ -၂၀၂၃ (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ

(ဌ) ဝင်ခွင့် စာမေးပွဲ ဖြေဆိုရမည့်တက္ကသိုလ် - စစ်ကိုင်းပညာရေးတက္ကသိုလ်

(ဍ) လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်နေ့ - ၁၆ - ၅ - ၂၀၂၃( အင်္ဂါနေ့)

(ဎ) လိုအပ်သော အထောက်အထား - လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ တင်ပြရပါမည်။
(က) ဘွဲ့လက်မှတ်၊ အမှတ်စာရင်းမူရင်းနှင့် မိတ္တူမှန်
(ခ) ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၂) ပုံ
(ဂ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q) သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုဝင်ခွင့်ပြုကြောင်းနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပါက အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း၊ သက်ဆိုင်ရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) တာဝန်ပေးအပ်ထားသော အရာရှိများ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်ဖြင့် တင်ပြရမည်။

(ဏ) စစ်ကိုင်းပညာရေး မည့်သူများ တက်ရောက် ရမည့်သူများ - ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီ ကောလိပ်များ (မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ လှိုင်ကော်၊ မန္တလေး၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မုံရွာ၊ ဟားခါး၊ ကျိုင်းတုံ၊ ကသာ၊ မကွေး၊ ပခုက္ကူ) တွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမ ဝန်ထမ်းများ၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး ပညာရေးဘွဲ့ရ ဆရာ၊ဆရာမ ဝန်ထမ်းများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိပါသည်။

(တ) သင်တန်းဖွင့်မည့်ရက် - ၈ - ၆ -၂၀၂၃ ကြာသပတေးနေ့)

(ထ) စုံစမ်းရန် - ဘာသာရပ်နှင့်စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာ ဘာသာရပ် အလိုက် ပါမောက္ခ/ဌာနမှူးများထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး(သင်တန်း) ၀၉-၂၀၀၆၀၉၄၊ ဒု-ဌာနမှူး (သင်တန်း) ၀၉-၇၉၇၉၉၆၃၅၈၊ မော်ကွန်းထိန်း ၀၉-၄၄၄၆၉၄၈၆၂ တို့ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ (၅)၊ သရဖီလမ်းနေ ကွင်း/အကွက်အမှတ်နှင့် အမည် (၉-က/၁ -အောင်ဇေယျာ)၊ ဦးပိုင်အမှတ် (၇၈-ခ)၊ မြေကွက်အမှတ် (၁၁၆)၊ ဦးရဲမောင်မောင် ၉/မထလ(နိုင်)၁၇၀၀၂၁မှ (အလျား ၄၁'-၀"xအနံ ၂၁'-၀") RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1958 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
### မဟာပညာရေးဘွဲ့(M.Ed.)
### သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာများခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့(M.Ed.) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေအတိုင်း ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု (၅၀) ဦး
(ခ) ပညာရေးစိတ်ပညာ (၅၀) ဦး
(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း (၅၀) ဦး
(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာ (၂၅)ဦး

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့(M.Ed.) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်-

(က) (၄-၅-၂၀၂၃) နေ့ ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာ ဘာသာရပ်
(ခ) ( ၅ -၅-၂၀၂၃) နေ့ ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာ အထူးပြုဘာသာရပ်

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၁၅-၅-၂၀၂၃) တနင်္လာနေ့တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့(M.Ed.) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ ဖြေဆိုခွင့် လျှောက်ထားနိုင်သည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ၊ ဆရာမ (သို့မဟုတ်) ဆရာ၊ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့် သုတေသနဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသူများဖြစ်ပြီး လုပ်သက်တစ်ဆက်တည်း (၁-၆-၂၀၂၃)နေ့တွင် (၁)နှစ်ပြည့်ပြီး လက်ရှိတာဝန် ထမ်းဆောင်နေသူ ဖြစ်ရမည်။
(ဃ) ပညာရေးဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီ မေးခွန်းတို့ကို ရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။
(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသန (ပညာရေး)ဘွဲ့၊ မဟာပညာရေးဘွဲ့ အရည်အချင်းစစ်သင်တန်းအောင်မြင်ပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်ရေးဖြေစာမေးပွဲကို ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်မေးခြင်းကို ဖြေဆိုပြီးအောင်မြင်ပါက သင်တန်းတက်ရောက်နိုင်မည် ဖြစ်ပါသည်။
(စ) စစ်ကိုင်းပညာရေးတက္ကသိုလ် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် (၂၈-၄-၂၀၂၃) ရက် သောကြာနေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ တင်ပြရမည် -

(က) အမှတ်စာရင်း မူရင်းနှင့် မိတ္တူမှန်
(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်၊
(ဂ) ဓါတ်ပုံ (၂) ပုံ
(ဃ) မဟာပညာရေးဘွဲ့သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဖြေဆိုအောင်မြင်ပါက အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်။

၆။ ဘာသာရပ်ဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနမှူး (သင်တန်း) ၀၉-၂၀၀၆၀၉၄ ၊ ဒု-ဌာနမှူး(သင်တန်း) ၀၉-၇၉၇၉၉၆၃၅၈ ၊ မော်ကွန်းထိန်း ၀၉-၄၄၄၆၉၄၈၆၂ ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်း)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၁၂) ရပ်ကွက်၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့ -၆)၊ ဦးပိုင်အမှတ် (၄၈၁)၊ ဧရိယာ ၀.၀၉၆ဧကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၉၅၁-၅/၁၉၉၅-၁၉၉၆(စီ)၊ ဒု-ဗိုလ်မှူးကြီးမောင်စိုး အမည်ပေါက် မြေကွက်အား ဒုမှူးကြီးမောင်စိုး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးရဲနိုင် ၁၃/လရန (နိုင်)၀၁၆၉၅၁က ဒေါ်ရှောက်လန် ၁၃/လရန(နိုင်)၂၄၀၅၆၄သို့ လားရှိုးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်ချုပ်ဆိုရောင်းချပြီးဖြစ်၍ ဒေါ်ရှောက်လန်အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် သတင်းစာပါသည့်ရက်မှ ရက် ၂၀အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၁၀) ရပ်ကွက်၊ အကွက်အမှတ်(၁+၁၀) တိုးချဲ့၊ ဦးပိုင်အမှတ်(၁၀၇)၊ မြေဧရိယာ (၀ဒသမ၀၉၆)ဧကသည် ဦးညီနပ် ၁၃/လရန(နိုင်) ၀၆၄၁၁၀က မြို့မြေနေရာချထားရေးကော်မတီ၏ မြေပေးမိန့်အမှတ်(၂၉/၉၈) ဖြင့် ရရှိထားပြီး ဦးညီနပ်မှ ဒေါ်သန်းသန်းခိုင် ၉/တသန(နိုင်) ၂၀၈၆၂၉သို့ ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်သန်းသန်းခိုင် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဖြူးမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် -၇၆

ဦးပြုံး နှင့် ဒေါ်ကြည်အေး(ပါ-၂၁)ဦး
တရားလို တရားပြိုင်များ

ဖြူးမြို့နယ်၊ ခင်တန်းကြီးကျေးရွာနေ(၈)တရားပြိုင် ဦးကိုလင်း(ဘ) ဦးကျော်မြ၊ တောင်ငူမြို့နယ်၊ မြပင်ကူးကျေးရွာ၊ ကျွန်းဒိုင်းကျေးရွာအုပ်စုနေ (၉) တရားပြိုင် ဒေါ်ခင်စိုးအေး(ဘ)ဦးပြား၊ တောင်ငူမြို့နယ်၊ မြပင်ကူးကျေးရွာ၊ ကျွန်းဒိုင်းကျေးရွာအုပ်စုနေ (၁၀)တရားပြိုင် ဒေါ်ခင်မိုးအေး(ဘ)ဦးပြား၊ တောင်ငူမြို့နယ်၊ မြပင်ကူးကျေးရွာ၊ ကျွန်းဒိုင်းကျေးရွာအုပ်စုနေ (၁၁) တရားပြိုင် ဦးစိုးကိုထက် (ဘ) ဦးပြား၊ တောင်ငူမြို့နယ်၊ မြပင်ကူးကျေးရွာ၊ ကျွန်းဒိုင်းကျေးရွာအုပ်စုနေ (၁၂) တရားပြိုင် ဦးစိုးစိုးထွေး (ဘ)ဦးပြား၊ တောင်ငူမြို့နယ်၊ မြပင်ကူးကျေးရွာ၊ ကျွန်းဒိုင်း ကျေးရွာအုပ်စုနေ (၁၃)တရားပြိုင် ဦးဖိုးချစ်(ဘ)ဦးပြား၊ ဖြူးမြို့နယ်၊ ခင်တန်းကြီး ကျေးရွာနေ (၂၀)တရားပြိုင် ဒေါ်စိုး(ဘ)ဦးအုန်းငွေ ၊ ဖြူးမြို့နယ်၊ ခင်တန်းကြီးကျေး ရွာနေ (၂၁) တရားပြိုင် ဒေါ်မီးမီး(ဘ)ဦးဖိုးထွေး (ယခုနေရပ်လိပ်စာမသိသူများ) သိ စေရမည်။

သင်တို့အပေါ်၌ တရားလို ဦးပြုံးက ရုံးတော်၏ စီမံခန့်ခွဲမှုဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဧပြီလ ၂၈ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာစိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဖြူးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2269, Daihatsu Hijet S200P , Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပိုက်ထွေးသွင် ၈/အလန(နိုင်) ၁၅၄၈၃၂က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8402, HYUNDAI STAREX, mini bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနုလေးစံ ၁၃/မနန(နိုင်) ၀၁၈၈၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အလက(ခွဲ) ကြပ်စခန်း Grade-3 မှ မကြယ်စင်ကို၏ အိမ်ထောင်စု၊ မှတ်ပုံတင်စာရင်းများအရ ဖခင်အမည်မှန်မှာ ဦးစိုးထက်အောင် ၉/သစန(နိုင်) ၂၂၅၈၁၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း Grade-10တန်းမှ မောင်အောင်မိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးပေါက်တူး ၉/ဝတန(နိုင်) ၁၅၄၀၁၃ ဖြစ်ပါကြောင်း။

**ဦးပေါက်တူး**

## အမည်ပြောင်း

ဦးတင်မောင်ထူး၏ သား၊ ဇန်းမော်မြို့၊ စေတနာကိုယ်ပိုင် အထက် တန်းကျောင်း Grade-8 မှ မောင်ညီညီအောင် အား မောင်ဉာဏ်ထူးလွင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဉာဏ်ထူးလွင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခွန်းအခြွေးယာ ၁၃/ဖခန(နိုင်) ၀၄၂၀၅၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၃၂၆၀၇၀၁

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဝင်းနိုင်(၈/ရနခ(နိုင်)၀၈၃၇၆၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## အလိမ္မာ စာမှာရှိ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောက်လုပ်မည့်အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း (၂)ခုနှင့် ဆောက်လုပ်ရေး လုပ်ငန်း(၂)ခုအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၄-၂၀၂၃ရက်

